Rabindranath Tagore's

The Crescent Moon

ရာဘင်ဒြာနသ်တဂိုး ၏

ဆန်းစသော်တာ

ကဗျာစု

မြင့်စိုးလှိုင် (မြန်မာပြန်)

မြစ်မင်းရော စာအုပ် - ၁၀

အိန္ဒိယအမျိုးသားစာဆို
ရာဘင်ဒြာနသ်တဂိုး နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်

ဆန်းစသော်တာ

ကဗျာစု

Rabindranath Tagore's
The Crescent Moon

မြင့်စိုးလှိုင် (မြန်မာပြန်)

ပထမအကြိမ်

၂၀၁၁၊ ဇူလိုင်

စာမူခွင့်ပြုချက်အမှတ် - ၆၂၀၀၃၂၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၀၀၄၈၀၆၁၁

မျက်နှာဖုံးပန်းချီ - **Jamini Roy (Mother and Child)**

မျက်နှာဖုံးဒီဇိုင်း - ရဲဝင်းငွေး(ယော)

အတွင်းဖလင် - အေဇက်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊
ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးဝင်းကျော်ထွန်း
မုံရွေးပုံနှိပ်တိုက်၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကိုမြင့်

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀၊ ဇူလိုင်လ၊ ၂၀၁၁

တန်ဖိုး - ၁၅၀၀ ကျပ်

[redacted]

၈၀၈. ၈၁

မြင့်စိုးလှိုင်

ရာဘင်ဒြာနသ်တဂိုး၏ဆန်းစသော်တာကဗျာစု
မြင့်စိုးလှိုင်။
- ရန်ကုန်၊ သင်းစာပေ၊ ပထမအကြိမ်၊ ဇူလိုင် ၂၀၁၁။
စာမျက်နှာ ၃၈၈၊ ၁၁. ၅ × ၁၈ စင်တီ။
(၁) ဆန်းစသော်တာကဗျာစု

မြစ်မင်းဧရာစာပေ

အမှတ် ၈၆၊ ပထမထပ်၊ ၈ လမ်း။ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉-၅၂၀၁၈၀၉၊ ၀၉-၅၂၀၂၇၀၀

အမှတ်(၄၊ ၈)၊ ရေကြောင်းဆိုင်ခန်း။ လမ်းမတော်၊ ဟင်္သာတမြို့
ဖုန်း ၀၄၄-၂၁၆၅၆၊ ၀၉-၅၂၀၈၂၃၉

ဒို့တာဝန်အရေးသုံးပါး

- ✦ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ✦ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✦ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✦ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✦ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✦ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✦ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ✦ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✦ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✦ စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✦ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✦ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✦ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✦ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✦ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✦ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✦ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ရာဘင်ဒြာနသ်တဂိုး (၁၈၆၁-၁၉၄၁)

ရာဘင်ဒြာနသ်တာဂိုး နှင့် မဟာတ္တမဂန္ဒီ

မာတိကာ

	မြန်မာပြန်သူ၏အမှာ		၁၀
၁။	အိုးအိမ်	(The Home)	၁၂
၂။	ပင်လယ်ကမ်းခြေဝယ်	(On the Seashore)	၁၆
၃။	အရင်းမူလ	(The Source)	၂၀
၄။	ကလေးရဲ့ ပရိယာယ်	(Baby's Way)	၂၄
၅။	ဂရုမထားမိတဲ့ ပြပွဲ	(The Unheeded Pageant)	၂၈
၆။	အအိပ်သူခိုး	(Sleep Stealer)	၃၄
၇။	အစ	(The Beginning)	၄၀
၈။	ကလေးရဲ့လောက	(Baby's World)	၄၆
၉။	အခါနှင့်အကြောင်း	(When and Why)	၅၀
၁၀။	မလိုတမာ	(Defamation)	၅၄
၁၁။	တရားသူကြီး	(The Judge)	၅၈
၁၂။	ကစားစရာ	(Playthings)	၆၀

၁၃။ နက္ခတ်ဆရာ (The Astronomer) ၆၄
၁၄။ တိမ်နဲ့လှိုင်း (Clouds and Waves) ၆၈
၁၅။ စံကားပွင့် (The *Champa* Flower) ၇၄
၁၆။ ဒဏ္ဍာရီတိုင်းပြည် (Fairyland) ၇၈
၁၇။ တစ်ကျွန်းတစ်မြေ
(The Land of the Exile) ၈၂
၁၈။ မိုးရွာတဲ့နေ့ (The Rainy Day) ၉၀
၁၉။ စက္ကူလှေ (Paper Boats) ၉၄
၂၀။ သင်္ဘောသား (The Sailor) ၉၈
၂၁။ ဟိုဘက်ကမ်း (The Further Bank) ၁၀၂
၂၂။ ပန်းကျောင်း (The Flower-School) ၁၀၈
၂၃။ ကုန်သည် (The Merchant) ၁၁၂
၂၄။ စာနာစိတ် (Sympathy) ၁၁၆
၂၅။ အလုပ်အကိုင် (Vocation) ၁၂၀
၂၆။ လူတတ်ကြီး (Superior) ၁၂၄
၂၇။ လူကြီးပေါက်စ (The Little Big Man) ၁၂၈
၂၈။ ဆယ့်နှစ်နာရီ (Twelve O'clock) ၁၃၄
၂၉။ စာရေးဆရာအလုပ် (Authorship) ၁၃၈
၃၀။ လူဆိုးကြီးစာပို့သမား
(The Wicked Postman) ၁၄၂
၃၁။ သူ့ရဲကောင်း (The Hero) ၁၄၆
၃၂။ အဆုံး (The End) ၁၅၄
၃၃။ တစ်ကျော့ခေါ်သံ (The Recall) ၁၅၈
၃၄။ စံပယ်ဦး (The First Jasmine) ၁၆၂
၃၅။ ပညောင်ပင် (The Banyan Tree) ၁၆၆

၃၆။ ကောင်းချီးမင်္ဂလာ (Benediction) ၁၇၀
၃၇။ လက်ဆောင် (The Gift) ၁၇၄
၃၈။ ငါ့တေးသံ (My Song) ၁၇၈
၃၉။ ကလေးသူတော်စင် (The Child-Angel) ၁၈၂
၄၀။ နောက်ဆုံးအရောင်းအဝယ် (The Last Bargain) ၁၈၆

❑



မြန်မာပြန်သူ၏အမှာ

ဘင်္ဂါလီစာဆို ရာဘင်ဒြာနသ်တဂိုး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အဖြစ် ၁၉၆၁ ခုနှစ်မှာ ဒေါက်တာမောင်ဖြူးက 'တဂိုး စာပဒေသာ' အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ အဲဒီ စာအုပ်ထဲမှာ ဒေါက်တာမောင်ဖြူးနဲ့အတူ ဇော်ဂျီ၊ မင်းသုဝဏ်တို့ ပါဝင်ရေးသားခဲ့ကြပါတယ်။ တဂိုးရဲ့ The Crescent Moon ကဗျာစုကို ဆရာမောင်ဖြူးက 'ဆန်းစသော်တာ'လို့ အမည်ပေးပြီး အစအဆုံး ပြန်ဆိုဖော်ပြခဲ့ပါတယ်။

မူရင်းစာဆိုရဲ့ လက်ရာက ကောင်းမွန်လှပသလောက် ဆရာမောင်ဖြူး မြန်မာပြန်ဆိုပုံကလည်း ညက်ညောထိမိလှပါတယ်။ အလားတူပါပဲ၊ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ မြန်မာပြန်တဲ့ တဂိုးရဲ့ ကဗျာတွေ၊ ဝတ္ထုတွေကလည်း အထူး နှစ်သက်စရာ ကောင်းပါတယ်။

ဆရာကြီးတွေရဲ့ ကောင်းမှုကြောင့် ကျွန်တော်ဟာ တဂိုးရဲ့ စာတွေကို စွဲလမ်းတဲ့ပရိသတ်ထဲမှာ တစ်ဦးအပါအဝင် ဖြစ်လာခဲ့ပါတယ်။ နောင် ၁၅ နှစ်အကြာ၊ ၁၉၇၆ ခုနှစ်ရောက်တော့ တဂိုးရဲ့ စာပေနိုဘယ်လ်ဆုရလက်ရာ 'ဂီတဥ္စလီ' ကဗျာစုကို ကျွန်တော် ဘာသာပြန်ဆိုခဲ့ပါတယ်။ နောက်တော့ 'ချစ်သူ့လက်ဆောင်'၊

'ဥယျာဉ်မှူး'၊ 'ငှက်တေလေ'ကဗျာစုတွေကို ဆက်လက်ပြန်ဆို ဖြစ်ပါတယ်။

အခု 'ဆန်းစသော်တာ' ကဗျာစုကို ပြန်ဆိုထားပါတယ်၊ ပြန်ဆိုရာမှာ ရှိနှင့်ပြီးသားဖြစ်တဲ့ ဒေါက်တာမောင်ဖြူးရဲ့ 'ဆန်းစသော်တာ' မြန်မာပြန်မှုကို အလေးအနက်ထားပါတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက စာကောင်းပေကောင်း ဖတ်တတ်၊ ခံစားတတ်အောင် 'ဆန်းစသော်တာ'နဲ့ လမ်းပြရှေ့ဆောင်ခဲ့တဲ့ ဆရာမောင်ဖြူးရဲ့ ကျေးဇူးတရားကိုလည်း ထပ်တလဲလဲ ဆင်ခြင်အောက်မေ့မိပါတယ်။ ဆင်ခြင်မိတဲ့အလျောက် ကဗျာစုအမည်ကို ဆရာ မြန်မာပြန်ခဲ့တဲ့အတိုင်း 'ဆန်းစသော်တာ' လို့ပဲ အမည်ပေးလိုက်ပါတယ်။ 'လခြမ်းကလေး'၊ 'ဆန်းစလခြမ်းငယ်'စတဲ့ အမည်တွေ ပေးနိုင်ပေမယ့် ဆရာသုံးနှုန်းခဲ့တဲ့ 'ဆန်းစသော်တာ'လောက် ရင်ကိုမထိခိုက်၊ နားလည်းမစွဲလို့ ဖြစ်ပါတယ်။

ဆန်းစသော်တာဟာ ကလေးအကြောင်းကို ပင်တိုင်ထားဖွဲ့ပါတယ်။ ကလေးရဲ့စိတ်နေစိတ်ထား၊ ကလေးရဲ့တွေးနည်း၊ ပြောနည်း၊ နေထိုင်နည်း သဘာဝပေါ်လွင်အောင် ဖွဲ့ပါတယ်။ သားသမီးနဲ့မိဘ နှစ်ဦးသားစပ်ကြားမှာ နှောင်ဖွဲ့ငင်ထားတဲ့ သံယောဇဉ်ကြိုးမျှင်ဟာ ကဗျာဆရာရဲ့ လက်ထဲရောက်တော့ မေတ္တာစောင်းကြိုးတွေ အဖြစ် ပြောင်းလဲသွားပြီး၊ နူးညံ့သိမ်မွေ့တဲ့ ချစ်တေးသံတွေနဲ့ ဆွတ်ပျံ့ချိုလွင်လာပါတော့တယ်။

စာဖတ်သူ နားဆင်ခံစားကြည့်စေချင်ပါတယ်။

မြင့်စိုးလှိုင်

(1)

THE HOME

I paced alone
on the road across the field
while the sunset was hiding
its last gold like a miser.

The daylight sank
deeper and deeper into the darkness,
and the widowed land,
whose harvest had been reaped,
lay silent.

Suddenly
a boy's shrill voice
rose into the sky.
He traversed the dark unseen,
leaving the track of his song
across the hush of the evening.

(၁)

အိုးအိမ်

နေဝင်ချိန်က
ကပ်စေးနဲ့ကော်တရာလို
သူ့ရွှေလက်ကျန်ကလေးကို ဝှက်နေတုန်းမှာ
ကွင်းကိုဖြတ်တဲ့လမ်းအတိုင်း
ကိုယ်တစ်ယောက်တည်း
ခပ်မှန်မှန်လျှောက်ခဲ့တယ်။

နေ့အလင်းက
မှောင်ထဲကို နက်သထက်နက်အောင်အဆင်း
ကောက်သိမ်းပြီးစ မုဆိုးမဖြစ်ကျန်ရစ်တဲ့
ကွင်းပြင်ကလည်း
တိတ်ချက်သားကောင်းနေတယ်။

ရုတ်တရက်
သူငယ်လေးတစ်ယောက်ရဲ့ အသံစူးစူးက
မိုးထက်ကို ထိုးတက်လာတယ်။
သူဟာ မမြင်ရတဲ့အမှောင်ကို ဖြတ်သန်းရင်း
ညဥ့်ရဲ့တိတ်ဆိတ်ခြင်းမှာ
သူ့သီချင်းကို အမျှင်တန်းထားခဲ့တယ်။

His village home lay there
at the end of the waste land,
beyond the sugar-cane field,
hidden among the shadows of the banana
and the slender areca palm, the coconut
and the dark green jack-fruit trees.

I stopped for a moment
in my lonely way under the starlight,
and saw spread before me
the darkened earth
surrounding with her arms
countless homes furnished with
cradles and beds,
mothers' hearts and evening lamps,
and young lives glad with a gladness
that knows nothing of its value
for the world.

ရွာကသူ့အိမ်ဟာ
ကြံခင်းအလွန် လယ်ကောရဲ့အဆုံးမှာရှိပြီး
ငှက်ပျောပင်၊ ကွမ်းပင်၊ အုန်းပင်နဲ့
စိမ်းညိုညို ဝိန္နဲပင်ရိပ်တွေအလယ်မှာ
ကွယ်နေတယ်။

ကြယ်ရောင်အောက် ဖော်မပါခရီးကနေ
ခဏအရပ်မှာ ကိုယ်တွေ့ရတာက
မှောင်လွှမ်းမြေပြင်ပိုက်ပွေ့ထားတဲ့
ပုခက်နဲ့အိပ်ရာတွေ-
မိခင်တကာရဲ့နှလုံးသားနဲ့
ညချမ်းမီးအိမ်တွေ-
ပြီးတော့ လောကကြီးအတွက်
တန်ဖိုးသတ်မှတ်ရကောင်းစေမသိတဲ့
ဝမ်းသာပီတိမျိုးနဲ့ ပီတိတဝေဝေကလေးသူငယ်တွေ-
ဒါတွေနဲ့ ဆင်ယင်ဖြည့်တင်းထားတဲ့
အိုးအိမ်အသချို။ ။

(2)

ON THE SEASHORE

On the seashore of endless worlds
children meet.

The infinite sky is motionless overhead
and the restless water is boisterous.
On the seashore of endless worlds
the children meet with
shouts and dances.

They build their houses with sand,
and they play with empty shells.
With withered leaves
they weave their boats and
smilingly float them on the vast deep.
Children have their play
on the seashore of the worlds.

They know not how to swim,
they know not how to cast nets.

(၂)

ပင်လယ်ကမ်းခြေဝယ်

အဆုံးမရှိသော လောကပင်လယ်ကမ်းခြေဝယ်
ကလေးတို့ တွေ့ဆုံကြ၏။

အကန့်အသတ်မရှိသော မိုးကောင်းကင်သည်
အထက်ကနေ မလှုပ်မရှား။
ယောက်ယက်ဆန်သော ရေပြင်ကား
ဆူညံကြမ်းတမ်း၏။
အဆုံးမရှိသော လောကပင်လယ်ကမ်းခြေဝယ်
ကလေးတို့သည် အော်ဟစ် ကခုန် တွေ့ဆုံကြကုန်၏။

သူတို့သည် သဲဖြင့်အိမ်ဆောက်ကာ
ခရုခွံတို့ဖြင့် ကစားကြ၏။
ရော်ရွက်တို့ကို လှေလုပ်၍
အပြောကျယ်ကျယ် ရေပင်လယ်၌
ပြုံးရယ်ရွှင်ပျ မျှောလွှတ်ကြ၏။
ကလေးတို့သည် လောကပင်လယ်ကမ်းခြေဝယ်
ကစားမြူးထူးကြရ၏။

သူတို့သည် ရေမကူးတတ်
သူတို့သည် ကွန်ချက်မပြန့်တတ်။
ကလေးတို့က ကျောက်စရစ်ခဲများကို စုဆောင်းလိုက်
တစ်ဖန်ဖြန့်ကြဲလိုက် လုပ်နေခိုက်

Pearl-fishers dive for pearls,
merchants sail in their ships,
while children gather pebbles
and scatter them again.
They seek not for hidden treasures,
they know not how to cast nets.

The sea surges up with laughter,
and pale gleams the smile of
the sea-beach.
Death-dealing waves sing
meaningless ballads to the children,
even like a mother
while rocking her baby's cradle.
The sea plays with children,
and pale gleams the smile of
the sea-beach.

On the seashore of endless worlds
children meet.
Tempest roams in the pathless sky,
ships are wrecked in the trackless water,
death is abroad and children play.
On the seashore of endless worlds
is the great meeting of children.

ပုလဲငုပ်သူတို့က ပုလဲရှာရန်ရေငုပ်ကြ၏။
ကုန်သည်တို့က သင်္ဘောဖြင့်ရွက်လွှင့်ကြ၏။
သူတို့ကား လျှို့ဝှက်ဥစ္စာရတနာကို ရှာဖွေကြသည်မဟုတ်
သူတို့ကား ကွန်ချက်ဖြန့်တတ်ကြသည်မဟုတ်ကုန်။

ပင်လယ်သည် ရယ်မောခြင်းဖြင့် သောသောပွက်ထ၍
သောင်စပ်၏အပြုံးကို မှိန်ဖျော့ဖျော့ အရောင်ဟပ်လိုက်သည်။
မိခင်သည် ရင်သွေး၏ပုခက်ကိုလွှဲသိပ်ခိုက်
တေးဆိုချော့သကဲ့သို့ပင်
သေမင်းတမန်လှိုင်းတို့သည်
ရောက်တတ်ရာရာ လင်္ကာတေးများကို
ကလေးတို့အား ဆိုပြကြ၏။
ပင်လယ်သည် ကလေးတို့နှင့်အတူ ဆော့ကစား၍
သောင်စပ်၏အပြုံးကို
မှိန်ဖျော့ဖျော့ အရောင်ဟပ်လေသည်။

အဆုံးမရှိသော လောကပင်လယ်ကမ်းခြေဝယ်
ကလေးတို့တွေ့ဆုံကြ၏။
လမ်းမရှိသောကောင်းကင်ဝယ် မုန်တိုင်းထ၍
ခြေရာမထင်သောရေပြင်ဝယ် သင်္ဘောတို့ပျက်ကြ၏။
သေခြင်းတရားသည် နေရာအနှံ့၊
ကလေးတို့ကား ကစားမြူးထူး၏။
အဆုံးမရှိသော လောကပင်လယ်ကမ်းခြေဝယ်
ကလေးတို့၏တွေ့ဆုံပွဲကြီး ဆင်နွှဲကြကုန်၏။ ။

('ဂီတဥ္စလီ'တွင် ပြန်ဆိုခဲ့သည့်မူအတိုင်း ပြန်လည်ဖော်ပြပါသည်)

(3)

THE SOURCE

The sleep that flits on baby's eyes-
does anybody know
from where it comes?

Yes, there is a rumour
That it has its dwelling where,
in the fairy village
among shadows of the forest
dimly lit with glow-worms,
there hang two shy buds of enchantment.
From there it comes to kiss baby's eyes.

The smile that flickers on
baby's lips when he sleeps-
does anybody know where it was born?

(၃)

အရင်းမူလ

ကလေး၏ မျက်လုံးပေါ်တွင်
ရိပ်ခနဲ ရွေ့လျားသောအအိပ်-
ဤအအိပ် ဘယ်အရပ်ကလာသည်ကို
မည်သူသိပါစ။

ဟုတ်ကဲ့- ကောလာဟလ တစ်ခု၏ အဆိုအရ
အအိပ်၏ အခြေတကျနေထိုင်ရာအရပ်ကား
ပိုးစုန်းကြူးတို့ မှိတ်တုတ်လင်းသော
တောအုပ်၏ အရိပ်များကြား သူယောင်ရွာဖြစ်၍
ထိုအရပ်၌
မှော်ဝိဇ္ဇာပင်၏ ရှက်ရွံ့သောအဖူးနှစ်ငုံသည် တွဲခို၏။
ထိုအငုံထဲမှပင်
အအိပ်သည် ကလေး၏မျက်လုံးကို
နမ်းရှိုက်ရန်လာသတဲ့။

ကလေးအိပ်နေခိုက်
သူ့နှုတ်ခမ်းပေါ် တရွရွလှုပ်ရှားသောအပြုံး-
ဤအပြုံး ဘယ်မှာဖွားမြင်သည်ကို
မည်သူသိပါစ။

Yes, there is a rumour
that a young pale beam of a crescent moon
touched the edge of
a vanishing autumn cloud,
and there the smile was first born
in the dream of a dew-washed morning-
the smile that flickers on
baby's lips when he sleeps.

The sweet, soft freshness
that blooms on baby's limbs-
does anybody know
where it was hidden so long?
Yes, when the mother was a young girl
it lay pervading her heart
in tender and silent mystery of love-
the sweet, soft freshness
that has bloomed on baby's limbs.

ဟုတ်ကဲ့- ကောလာဟလတစ်ခု၏အဆိုအရ
ဆန်းစသော်တာ၏ နုပျိုဖျော့တော့သောရောင်ခြည်သည်
ကုန်ဆုံးလုဆောင်းဦးမိုးတိမ်၏ အစွန်အဖျားနှင့်ထိတွေ့ရာ
ဆီးနှင်းပြယ်သော မိုးသောက်အိပ်မက်တွင်
အပြုံးကိုဦးစွာဖွားမြင်သတဲ့။
ကလေးအိပ်နေခိုက်
သူ့နှုတ်ခမ်းပေါ် တရွရွလှုပ်ရှားသော
ထိုအပြုံးကိုလေ။

ကလေး၏ ကိုယ်လက်အင်္ဂါပေါ်တွင်ပွင့်လန်းသော
ရှုချင့်စဖွယ် နုနယ်လတ်ဆတ်ခြင်း-
ယင်းအား ကာလရှည်ကြာ
ဘယ်မှာ သိမ်းဆည်းသိုဝှက်ထားခဲ့သည်ကို
မည်သူသိပါစ။
ဟုတ်ကဲ့- မိခင်ဖြစ်သူ အပျိုစင်အရွယ်တုန်းက
ဤလတ်ဆတ်ခြင်းသည် သူ့နှလုံးသားတွင်
အချစ်၏သိမ်မွေ့သော
စောင့်စည်းမှုဂူနက်ဖြင့် စိမ့်ထုံကာ
သိုသိပ်ခဲ့ပါသတဲ့။
ကလေး၏ကိုယ်လက်အင်္ဂါပေါ်တွင် ပွင့်လန်းသော
ရှုချင့်စဖွယ် နုနယ်လတ်ဆတ်ခြင်းကိုလေ။ ။

('ဂီတဥ္စလီ'တွင်ပြန်ဆိုခဲ့သည့်မူအတိုင်း ပြန်လည်ဖော်ပြပါသည်)

(4)

BABY'S WAY

If baby only wanted to,
he could fly up to heaven this moment.
It is not for nothing
that he does not leave us.
He loves to rest his head
on mother's bosom,
and cannot ever bear
to lose sight of her.

Baby knows all manner of wise words,
though few on earth
can understand their meaning.
It is not for nothing
that he never wants to speak.
The one thing he wants
is to learn mother's words
from mother's lips.
That is why he looks so innocent.

Baby had a heap of gold and pearls,
yet he came like a beggar
on to this earth.
It is not for nothing
he came in such a disguise.

(၄)

ကလေးရဲ့ပရိယာယ်

ကလေးသာပျံချင်တယ်ဆို
တာဝတိံသာရောက်အောင်
ခုချက်ချင်း သူထပျံနိုင်တယ်။
တို့ကိုသူပစ်မသွားတာ အလကားမဟုတ်ဘူး။
သူ့အမေ့ရင်ခွင်ကြား
ဦးခေါင်းထား နားနေချင်လို့
မအေကို တစ်ချက်မှ အပျောက်မခံတာ။

ကလေးဟာ
စကားအရာ အင်္ဂါလေးတန် ချေငံအောင်တတ်တယ်။
သူ့စကားအဓိပ္ပာယ်
နားလည်သူဆိုလို့ လောကမှာရှားတယ်။
သူစကားမပြောဘဲနေတာ အလကားမဟုတ်ဘူး။
သူလိုချင်တာ တစ်ခုပဲရှိတယ်။
မအေ့နှုတ်ဖျားကလာတဲ့ မအေ့စကားကိုသင်ချင်တယ်။
ဒါကြောင့်မို့ အ သလို န သလို သူလုပ်နေတာပေါ့။

ကလေးမှာ
ရွှေစင်ပုလဲ အပုံလိုက်အခဲလိုက်ရှိတယ်။
ဒါနဲ့တောင် ဒီကမ္ဘာမြေကို
စားရာမဲ့သောက်ရာမဲ့တစ်ယောက်လို သူ လာခဲ့တယ်။
ခုလို သူ ရုပ်ဖျက်လာတာ အလကားမဟုတ်ဘူး။

This dear little naked mendicant
pretends to be utterly hepless,
so that he may beg for
mother's wealth of love.

Baby was so free from
every tie in the land of
the tiny crescent moon.
It was not for nothing
he gave up his freedom.
He knows that
there is room for endless joy
in mother's little corner of a heart,
and it is sweeter far than liberty
to be caught and pressed in her dear arms.

Baby never knew how to cry.
He dwelt in the land of perfect bliss.
It is not for nothing
he has chosen to shed tears.
Though with the smile of his dear face
he draws mother's yearning heart to him,
yet his little cries over tiny troubles
weave the double bond of pity and love.

ဒီ ချစ်စရာကိုယ်လုံးတီးလက်ဖြန့်တောင်းသူကလေးက
အားကိုးရာမဲ့ချင်ယောင်ဆောင်တာ
မအော့ဆီက မေတ္တာရတနာကိုတောင်းခံနိုင်အောင်ပါ။

လခြမ်းကွေးလေးနယ်မြေမှာ
ကလေးဟာ အင်မတန်လွတ်လပ်တယ်၊
ဘာအနှောင်အဖွဲ့မှမရှိဘူး။
သူ့လွတ်လပ်ခွင့်ကိုစွန့်ခဲ့တာ အလကားမဟုတ်ဘူး။
အမေ့နှလုံးအိမ်ထောင့်ကလေးထဲမှာ
အတိုင်းမသိ ပျော်စရာနေရာရှိမှန်း သူသိတယ်။
ပြီးတော့ အမေ့ရဲ့မြတ်နိုးတဲ့အပွေ့အဖက်နဲ့
မလွတ်တမ်းနေရတာဟာ လွတ်လပ်ရေးထက်
ပိုပြီးချိုမြိန်မှန်းသူသိလို့ပေါ့။

ကလေးဟာ ငိုတတ်တာမဟုတ်ဘူး။
တကယ့်ကို ပျော်စရာကောင်းတဲ့နယ်မြေမှာ
သူနေခဲ့တာပဲ။
မျက်ရည်ကျဖို့ သူရွေးချယ်တာ အလကားမဟုတ်ဘူး။
ချစ်စရာမျက်နှာလေးရဲ့ အပြုံးနဲ့
သူ့အမေရဲ့ညွတ်နူးတဲ့စိတ်နှလုံးကို ယူကျုံးသလို
မဆိုစလောက်ပြဿနာကလေးနဲ့
ရမယ်ရှာပြီးငိုလိုက်တဲ့အငိုကလေးတွေက
မေတ္တာကရုဏာနှစ်လွှန်းတင်ကြိုးကို
ကျစ်ပေတာကိုး ॥ ॥

(5)

THE UNHEEDED PAGEANT

AH, who was it
coloured that little frock, my child,
and covered your sweet limbs
with that little red tunic?
You have come out in the morning
to play in the courtyard,
tottering and tumbling as you run.
But who was it
coloured that little frock,
my child?

What is it makes you laugh,
my little life-bud?
Mother smiles at you
standing on the threshold.
She claps her hands
and her bracelets jingle,
and you dance
with your bamboo stick in your hand like a tiny
little shepherd.
But what is it makes you laugh,
my little life-bud?

(၅)

ဂရုမထားမိတဲ့ပြပွဲ

အို...ကလေးရယ်
ကလေးရဲ့ချိုအီတဲ့ ကိုယ်ပေါ်က
အကျီနီနီလေးနဲ့ ဟိုသင်တိုင်းလေးကို
ဆေးခြယ်ပေးတာ ဘယ်သူများလဲကွယ်။
မနက်ခင်း အိမ်ဝင်းထဲမှာကစားရအောင်
မင်းထွက်လာတယ်။
မင်းပြေးတဲ့အခါ
ဒယီးဒယိုင် အလဲလဲအပြိုပြိုနဲ့ပေါ့။
ဒါပေမယ့်ကလေးရယ်...ဟိုသင်တိုင်းလေးကို
ဆေးရောင်ခြယ်တာ ဘယ်သူများလဲကွယ်။

အသက်ဖူးလေး
မင်းကိုရယ်အောင်လုပ်တာ ဘာပါလိမ့်။
အမေက အိမ်ပေါက်ဝမှာရပ်ရင်း
မင်းကို ပြုံးကြည့်နေတယ်။
သူလက်ခုပ်တီးတော့
သူ့လက်ကောက်တွေက တချွင်ချွင်မြည်တယ်။
မင်းကလည်း မင်းလက်ထဲကိုင်ထားတဲ့ဝါးလုံးလေးနဲ့
သိုးကျောင်းသား ပေါက်စလေးလို
ကွေးနေအောင် ကတော့တယ်။
ဒါပေမယ့် တို့အသက်ဖူးလေးရယ်...
မင်းကိုရယ်အောင်လုပ်တာ ဘာများပါလိမ့်ကွယ်။

O beggar,
what do you beg for,
clinging to your mother's neck
with both your hands?
O greedy heart,
shall I pluck the world like a fruit
from the sky to place it
on your little rosy palm?
O beggar,
what are you begging for?

The wind carries away in glee
the tinkling of your anklet bells.
The sun smiles
and watches your toilet.
The sky watches over you
when you sleep in your mother's arms,
and the morning comes
tiptoe to your bed
and kisses your eyes.
The wind carries away in glee
the tinkling of your anklet bells.

The fairy mistress of dreams
is coming towards you,
flying through the twilight sky.

အို...လက်ဖြန့်တောင်းသူလေးရယ်
မင်းအမေ့လည်ပင်းကို လက်နှစ်ဖက်နဲ့တွဲခိုပြီး
ဘာကိုတောင်းနေသလဲ။
အို...လောဘအိုးလေး
မိုးကောင်းကင်ကနေ
ကမ္ဘာကြီးကို သစ်သီးလိုဆွတ်ပြီး
မင်းရဲ့နှင်းဆီသွေး လက်ဖဝါးလေးပေါ်
တင်ပေးရမှာလား။
အို..လက်ဖြန့်တောင်းသူလေးရယ်
မင်းဘာကို တောင်းနေတာလဲကွယ်။

မင်းခြေချင်းက ချူလုံးလေးတွေမြည်သံကို
လေက ဝမ်းပန်းတသာသယ်ဆောင်သွားရှာတယ်။
မဲင်း ရှူရှူးပေါက်တော့
နေလုံးကြီးက ပြုံးပြီးစောင့်ကြည့်တယ်။
မင်းအမေ့ရင်ခွင်မှာ မင်းအိပ်နေတုန်း
မိုးကောင်းကင်က အထက်ကနေစောင့်ကြည့်တယ်။
နောက်တော့
မနက်ခင်းက မင်းအိပ်ရာဆီခြေဖျားထောက်လာပြီး
မင်းမျက်လုံးလေးတွေကို နမ်းတယ်။
မင်းခြေချင်းက ချူလုံးလေးတွေမြည်သံကို
လေက ဝမ်းပန်းတသာသယ်ဆောင်သွားရှာတယ်။

အိပ်မက်နတ်သမီးက
ရီတမှောင်ကောင်းကင်ကိုဖြတ်ပြီး
မင်းဆီပျံသန်းလာနေတယ်။

The world-mother
keeps her seat by you
in your mother's heart.
He who plays
his music to the stars
is standing at your window
with his flute.
And the fairy mistress of dreams
is coming towards you,
flying through the twilight sky.

အမိမြေကမ္ဘာက
မင်းအမေ့ရင်ခွင်ထဲမှာ
မင်းနဲ့ ဘေးချင်းယှဉ်နေရာယူတယ်။
ကြယ်တွေဆီတေးသီသူက
သူ့ပလွေနဲ့ မင်းပြတင်းဝမှာရပ်လာတယ်။
နို့ပြီး
အိပ်မက်နတ်သမီးလေးရယ်
ရိတမှောင်ကောင်းကင်ကိုဖြတ်ပြီး
မင်းဆီ ပျံသန်းလာနေပြီကောကွယ်။ ။

(6)

SLEEP-STEALER

Who stole sleep from baby's eyes?
I must know.
Clasping her pitcher to her waist
mother went to fetch water
from the village nearby.

It was noon.
The children's playtime was over;
the ducks in the pond were silent.
The shepherd boy lay asleep
under the shadow of the banyan tree.
The crane stood grave and still
in the swamp near the mango grove.
In the meanwhile
the Sleep-stealer came and,
snatching sleep from baby's eyes,
flew away.
When mother came back
she found baby
travelling the room over on all fours.

(၆)

အအိပ်သူခိုး

ကလေးမျက်စိက အအိပ်ကို ဘယ်သူခိုးပါလိမ့်
ငါသိချင်လိုက်တာ။
အမေက ရေအိုးကိုခါးစောင်းတင်လို့
အနီးအနားရွာကနေ ရေခပ်ရအောင်သွားတယ်။

အချိန်က နေ့မွန်းတည့်
ကလေးတွေရဲ့ ကစားချိန်လည်းကုန်ပြီ၊
ကန်ထဲကဝမ်းဘဲတွေလည်း အသံတိတ်ပြီ။
သိုးကျောင်းသားသူငယ်လေးလည်း
ညောင်ပင်ရိပ်အောက်မှာ အိပ်ပျော်နေပြီ။
ကြိုးကြာငှက်လည်း
သရက်တောနားက ရွံ့အိုင်မှာ
အာရုံစိုက်ပြီး ငြိမ်ငြိမ်ဆိမ်ဆိမ်ရပ်နေပြီ။
အဲဒီတုန်းမှာပဲ အအိပ်သူခိုးရောက်လာ
ကလေးရဲ့မျက်စိကနေ အအိပ်ကိုလုစ်ခနဲသုတ်ပြီး
ပျံထွက်ပြေးသွားတယ်။
အမေအိမ်ပြန်ရောက်လာတော့
ကလေးကို အိမ်ခန်းအနှံ့
လေးဘက်တွား ခရီးသွားနေတာတွေ့ရတယ်။

Who stole sleep from our baby's eyes?
I must know.
I must find her
and chain her up.
I must look into that dark cave,
where,
through boulders and scowling stones,
trickles a tiny stream.
I must search
in the drowsy shade of the bakula grove,
where pigeons coo in their corner,
and fairies' anklets
tinkle in the stillness of starry nights.
In the evening
I will peep into the whispering silence of the
bamboo forest,
where fireflies squander their light,
and will ask every creature I meet,
"Can anybody tell me
where the Sleep-stealer lives?"

Who stole sleep from baby's eyes?
I must know.

တို့ကလေးရဲ့မျက်စိကနေ
အအိပ်ကိုခိုးတာ ဘယ်သူများပါလိမ့်
ငါသိချင်လိုက်တာ။
ဒင်းတော့လား
တွေ့အောင်ရှာပြီး ကြိုးနဲ့တုပ်ထားမယ်။
ရေမကျောက်တုံးကြီးတွေနဲ့
မျက်နှာရှစ်ခေါက်ချိုးကျောက်ခဲတွေကြားက
ကျောက်စက်စိမ့်စမ်းလေး စီးဆင်းနေတဲ့
ဟောဟို… လိဏ်ဂူမှောင်ထဲမှာငါရှာမယ်။
ထောင့်ကပ်ပြီး ခိုကလေးတွေညည်းကြတဲ့
ခရေအုပ်ရဲ့ ငိုက်မျဉ်းတဲ့အရိပ်မှာရော
ကြယ်စုံတဲ့ည လူခြေတိတ်ချိန်
နတ်သမီးတွေရဲ့ခြေချင်းသံမြည်တဲ့နေရာမှာပါ
ငါရှာမယ်။
ညချမ်းမှာ
ပိုးစုန်းကြူးတွေ သူတို့အလင်းကိုဖြုန်းပစ်ရာ
တိတ်တိတ်ပွေ့ပွေ့ရှိတဲ့ ဝါးရုံတောထဲကိုလည်း
ဝင်ချောင်းရဦးမယ်။
ပြီးတော့- တွေ့သမျှလူကိုမေးရမယ်
"အအိပ်သူခိုးနေတဲ့နေရာကို
ပြောပြနိုင်ကြပါသလားခင်ဗျာ"

ကလေးမျက်စိကအအိပ်ကို
ဘယ်သူခိုးသလဲ ငါသိချင်လိုက်တာ။

Shouldn't I give her a good lesson
if I could only catch her!
I would raid her nest
and see where she hoards
all her stolen sleep.
I would plunder it all,
and carry it home.
I would bind her two wings securely,
set her on the bank of the river,
and then let her play at fishing
with a reed among the rushes
and water-lilies.
When the marketing is over
in the evening,
and the village children
sit in their mother's laps,
then the night birds
will mockingly din her ears with:
"Whose sleep will you steal now?"

မိလို့များတော့လား
ဒင်းကိုမှတ်လောက်အောင်မှ
မဆုံးမလိုက်ရရင်...။
သူ့အသိုက်ကို အတင်းဝင်ပြီး
သူ ခိုးထားတဲ့အအိပ်တွေ
ဘယ်မှာဝှက်ထားသလဲဆိုတာ ရှာရမယ်။
အကုန်လုံးလက်ရသိမ်းပြီး
အိမ်ကိုပြန်သယ်မယ်။
သူခိုးရဲ့အတောင်နှစ်ဘက်ကိုမြဲမြဲတုပ်ပြီး
မြစ်ကမ်းပါးမှာသူ့ကိုထားခဲ့မယ်။
ပြီးတော့-
ကိုင်းတောနဲ့ ရေကြာတွေကြားမှာ
ကျူတစ်ရိုးနဲ့ ငါးမျှားတမ်းကစားခိုင်းရမယ်။

ညနေချိန်ဈေးပွဲလို့
ရွာထဲက ကလေးတွေ
သူတို့အမေတွေရဲ့ပေါင်ပေါ်ထိုင်ကြတဲ့အခါ
ညဥ့်ငှက်တွေက လှောင်သံနဲ့
ဒင်းကို နားမခံသာအောင်မေးလိမ့်မယ်
"ကိုင်း...ခုတော့ ဘယ်သူ့အအိပ်ကိုခိုးဦးမလဲ"။ ။

(7)

THE BEGINNING

" Where have I come from,
where did you pick me up?"
the baby asked its mother.

She answered,
half crying, half laughing,
and clasping the baby to her breast,-
" You were hidden in my heart
as its desire, my darling.

You were in the dolls
of my childhood's games;
and when with clay
I made the image of my god
every morning,
I made and unmade you then.

You were enshrined
with our household deity,
in his worship I worshipped you.

(၇)

အစ

"ကလေး ဘယ်ကလာသလဲ
ကလေးကိုဘယ်ကကောက်ရသလဲ"
ကလေးက သူ့အမေကိုမေးတယ်။
အမေက ကလေးကိုရင်မှာအပ်ပြီး
ငိုတစ်လုံးရယ်တစ်လုံးနဲ့ပြောပြတယ်။
"အချစ်ကလေးရယ်
မင်းကိုအမေ့နှလုံးသားထဲမှာ
လိုချင်တောင့်တစိတ်နဲ့ သိုသိပ်ထားခဲ့တယ်။

အမေငယ်ငယ်တုန်းက ကစားခဲ့တဲ့
အရုပ်တွေထဲမှာ လူလေးရှိတာပေါ့။
မနက်တိုင်းပဲ
အမေ ရွှံ့နဲ့နတ်ရုပ်လုပ်တမ်းကစားတဲ့အခါ
မင်းကို ခုကောက်လုပ်လိုက်
တော်ကြာ ပြန်ဖျက်လိုက်နဲ့ပေါ့။

မင်းကို အမေတို့အိမ်စောင့်နတ်နဲ့
တစ်တန်းတည်းထားခဲ့တယ်။
နတ်ကိုပူဇော်တဲ့အခါ
မင်းကိုလည်း အမေပူဇော်ခဲ့တာပဲ။

In all my hopes and my loves,
in my life,
in the life of my mother
you have lived.
In the lap of the deathless Spirit
who rules our home
you have been nursed for ages.

When in the girlhood
my heart was opening its petals,
you hovered as a fragrance about it.

Your tender softness
bloomed in my youthful limbs,
like a glow in the sky
before the sunrise.

Heaven's first darling,
twin-born with the morning light,
you have floated down
the stream of the world's life,
and at last
you have stranded on my heart.

အမေ့မျှော်လင့်ချက်နဲ့ အမေ့မေတ္တာတွေ၊
အမေ့ဘဝနဲ့ အမေ့အမေရဲ့ဘဝထဲမှာပါ
မင်းသက်ဝင်နေခဲ့တယ်။

အမေတို့အိမ်ကိုစောင့်ရှောက်တဲ့
အမတာဒေဝီရဲ့ ပေါင်ပေါ်မှာ
မင်းကိုခေတ်တွေနဲ့ချီပြီး စောင့်ရှောက်မွေးမြူခဲ့ရတယ်။
အမေအပျိုရွယ်တုန်းက

အမေ့နှလုံးသားပွင့်ဖတ်ကိုလှပ်လိုက်တဲ့အခါ
ထွက်လာတဲ့မွှေးရနံ့ဟာ မင်းပဲပေါ့ ကလေးရယ်။

မင်းရဲ့နူးညံ့တဲ့ အသိမ်အမွေ့က
နေမထွက်ခင် ကောင်းကင်က ရောင်ခြည်ဦးလို
နုပျိုတဲ့ အမေ့ကိုယ်လက်အင်္ဂါတွေမှာ
လင်းပွင့်ခဲ့တယ်။

မနက်ခင်းအလင်းနဲ့ အမြွှာပူးမွေး
ကောင်းကင်ဘုံရဲ့ အချစ်ဦးလေး--
မင်းဟာ ဘဝသံသရာရေယဉ်ကြောမှာ
တမျောတည်းမျောပါခဲ့ပြီး
နောက်ဆုံးတော့
အမေ့နှလုံးသားမှာ သောင်လာတင်တယ်။

As I gaze on your face,
mystery overwhelms me;
you who belong to all
have become mine.

For fear of losing you
I hold you tight to my breast.
What magic has snared
the world's treasure
in these slender arms of mine?"

မင်းမျက်နှာ တစိမ့်စိမ့်ကြည့်ရင်း
အမေ့မှာ စဉ်းစားမရအောင်ဖြစ်ရတယ်။
အားလုံးနဲ့ဆိုင်တဲ့ မင်းဟာ
ဘယ့်နှယ်--ဘယ့်နှယ်
အမေ့ကိုယ်ပိုင်ဖြစ်လာပါလိမ့်ကွယ်။

မင်းပျောက်သွားမှာစိုးလို့
အမေ့ရင်ခွင်မှာ တင်းတင်းအပ်ထားရတယ်။
ဒီလောကရဲ့ရတနာကို
အမေ့ရဲ့ သေးသွယ်တဲ့လက်နှစ်ဖက်ကြားမှာ
ဘယ်လိုမှော်အတတ်ကများ
ဖမ်းယူပေးထားပါလိမ့်ကွယ်။ ။

(8)

BABY'S WORLD

I wish
I could take a quiet corner
in the heart of my baby's
very own world.

I know it has stars that talk to him,
and a sky that
stoops down to his face
to amuse him
with its silly clouds and rainbows.

Those who make believe to be dumb,
and look as if they
never could move,
come creeping to his window
with their stories and with trays
crowded with bright toys.

(၈)

ကလေးရဲ့လောက

ငါ့ကလေးရဲ့
သူ့ကိုယ်ပိုင်လောကအလယ်က
တိတ်ဆိတ်တဲ့ထောင့်တစ်ထောင့်မှာ
ငါနေကြည့်ချင်တယ်။

အဲဒီမှာ သူ့ဆီစကားလှမ်းပြောတဲ့
ကြယ်တွေရှိတယ်။
ကောင်းကင်ကလည်း
ရွှတ်နောက်နောက်တိမ်တွေနဲ့ သက်တံတွေကိုပါခေါ်ပြီး
ကလေးရဲ့မျက်နှာဆီ
ဖျော်ဖြေရအောင် ဆင်းသက်လာတာ ငါသိပါတယ်။

ကြည့်လိုက်ရင်
တကယ့်ကိုဆွဲ့အနေတဲ့ပုံ
ခြေလက်သေနေတဲ့ပုံတွေနဲ့
သူတို့က ကလေးရဲ့ပြတင်းပေါက်နားကို
တရွေ့ရွေ့တိုးလာကြပြီး ပုံတွေပြောပြကြ၊
တောက်တောက်ပြောင်ပြောင် ကစားစရာတွေလည်း
လင်ပန်းတွေနဲ့ အပြည့်ထည့်လာကြတယ်။

I wish
I could travel by the road
that crosses baby's mind,
and out beyond all bounds;

Where messsengers run errands
for no cause between
the kingdoms of kings of no history;
Where Reason makes
kites of her laws
and flies them,
and
Truth sets Fact
free from its fetters.

ကလေးရဲ့စိတ်ထဲ
ဖြတ်ဖောက်ထားတဲ့ လမ်းအတိုင်း
ငါလိုက်သွားနိုင်ပြီး
အကန့်အသတ်အပိုင်းအခြားမှန်သမျှ လွန်မြောက်ရာ
ဟိုမှာဘက်ကိုရောက်ချင်တယ်။

အဲဒီအရပ်မှာ
ရာဇဝင်မတွင်တဲ့ ဘုရင်တွေက
တစ်ပြည့်တစ်ပြည် ရေးကြီးခွင်ကျယ်မဟုတ်ဘဲ
မင်းချင်းသံစေကြ၊ လက်ဆောင်ပဏ္ဏာပို့ကြတယ်။
အဲဒီအရပ်မှာ
ဆင်ခြင်တုံတရားက သူ့ဥပဒေတွေကို စွန့်လုပ်ပြီး
လေထဲမှာလွှတ်ကစားတယ်။
သစ္စာတရားကလည်း အရှိအမှန်သဘောကို
မချုပ်ချယ်ဘဲ ထားသတဲ့ကွယ်။ ။

(9)

WHEN AND WHY

When I bring you coloured toys,
my child,
I understand why there is
such a play of colours on clouds,
on water,
and why flowers are painted in tints-
when I give coloured toys to you,
my child.

When I sing to make you dance,
I truly know
why there is music in leaves,
and why waves send their
chorus of voices
to the heart of the listening earth-
when I sing to make you dance.

(၉)

အခါနှင့်အကြောင်း

ငါသည်သင့်ထံ
ရောင်စုံကစားစရာများကို ယူဆောင်လာသောအခါ
ကလေးရယ်. . .ရေပေါ်နှင့်တိမ်ပေါ်မှာ
အဘယ့်ကြောင့် ရောင်စုံမြူးကွန့်ရသည်၊
ပန်းပွင့်များတွင်
အဘယ့်ကြောင့် အရောင်အဆင်းရှိရသည်ကို
ငါသဘောပေါက်မိပါသည်။
သင့်အား ရောင်စုံကစားစရာများကို
ငါပေးသောအခါမှာပေါ့။

သင် ကရအောင် ငါတေးဆိုပေးသောအခါ
သစ်ရွက်တို့တွင်အဘယ့်ကြောင့်ဂီတသံရှိ၍
လှိုင်းတို့သည်
နားစွင့်နေသောကမ္ဘာမြေ၏နှလုံးသားထံ
မိမိ၏သံပြိုင်ကျူးရင့်သံများကို
အဘယ့်ကြောင့်ပို့ဆောင်ပေးကြောင်း
ငါ တကယ်နားလည်ရပါသည်။
သင် ကရအောင်
ငါ တေးဆိုပေးသောအခါမှာပေါ့။

When I bring sweet things
to your greedy hands,
I know why there is honey
in the cup of the flower,
and why fruits are
secretly filled with sweet juice-
when I bring sweet things
to your greedy hands.

When I kiss your face
to make you smile,
my darling,
I surely understand
what pleasure streams from the sky
in morning light,
and what delight the summer breeze
brings to my body-
when I kiss you to make you smile.

သင်၏လောဘကြီးသောလက်ထဲသို့
ချိုပျားသကာတို့ကို ငါထည့်ပေးသောအခါ
ပန်းဝတ်ရည်ခွက်တွင် အဘယ့်ကြောင့်ပျားရည်ရှိ၍
သစ်သီးတို့တွင်ချိုမြိန်သောအရည်ဖြင့်
အဘယ့်ကြောင့် တိတ်တဆိတ်လျှမ်းပြည့်ရကြောင်း
ငါသိလာသည်။
သင်၏လောဘကြီးသောလက်ထဲသို့
ချိုပျားသကာတို့ကို ငါထည့်ပေးသောအခါမှာပေါ့။

သင်ပြုံးရယ်ရန် သင့်မျက်နှာကို ငါနမ်းသောအခါ
မိုးသောက်အလင်းတွင် ကောင်းကင်မှ
တသွင်သွင်စီးဆင်းလာတတ်သော မွေ့ပျော်ခြင်းနှင့်
ငါ့ခန္ဓာရှိရာ နွေလေညင်းသယ်ဆောင်လာတတ်သော
နှစ်လိုခြင်းတို့ကို ငါကောင်းစွာသဘောပေါက်ပါသည်
အချစ်ကလေး--
သင်ပြုံးရယ်ရန်
သင့်ကိုငါနမ်းသောအခါမှာပေါ့။ ။

('ဂီတဥလီ'တွင်ပြန်ဆိုခဲ့သည့်မူအတိုင်းပြန်လည်ဖော်ပြပါသည်)

(10)

DEFAMATION

Why are those tears in your eyes,
my child?

How horrid of them
to be scolding you for nothing!

You have stained your fingers
and face with ink while writing-
is that why they call you dirty?

O, fie! Would they dare to call
the full moon dirty
because it has smudged its face
with ink?

For every little trifle
they blame you, my child.

(၁၀)

မလိုတမာ

ကလေးရယ်
မင်းမျက်လုံးထဲမှာလည်း မျက်ရည်စတွေနဲ့ပါလား
ဘာပြုလို့လဲ။

သူတို့က
အလကားနေရင်းကလေးကို
တဆိတ်ရှိ အပြစ်ရှာရှာနေကြတယ်
မုန်းဖို့ကောင်းလိုက်တာ။

စာရေးရင်း ကလေးလက်နဲ့မျက်နှာမှာ
မင်တွေပေကုန်တယ်။
ဒါနဲ့ပဲ သူတို့က ကလေးကို
ကြောင်ချေးရုပ်ကလေးလို့ဆိုသတဲ့လား။

ဟင်း…ကြီးကြီးကျယ်ကျယ်
လပြည့်ဝန်းကြီး မျက်နှာမှာ
မင်ကွက်တွေစွန်းနေတာကျတော့
ညစ်ပတ်တယ်လို့ သူတို့ပြောမလား။

ကလေးရယ်
ဘာမဟုတ်တာလေး တစ်ခုတွေ့တိုင်း
ကလေးကို သူတို့အပြစ်ပြောကြတယ်။

They are ready to find fault
for nothing.

You tore your clothes
while playing-
is that why they call you untidy?

O, fie! What would they call
an autumn morning that smiles
through its ragged clouds?

Take no heed of
what they say to you,
my child.
They make a long list
of your misdeeds.

Everybody knows
how you love sweet things-
is that why
they call you greedy?

O, fie!
What then would they call us
who love you?

အလကားနေ အပြစ်ရှာဖို့ဆို
အမြဲတမ်း သူတို့ထိပ်ကပဲ။

ကစားနေရင်း မင်းအဝတ်တွေစုတ်သွားတယ်။
ဒါနဲ့ပဲ သူတို့က မင်းကို
ဗရုတ်သုကဲလေးလို့ဆိုသတဲ့လား။

ဟင်း...ကြီးကြီးကျယ်ကျယ်
ဒီလိုဆို ဆောင်းဦးမနက်ခင်းက
ဖရိုဖရဲတိမ်တွေကြားကနေ ပြုံးပြီးထွက်လာတာကျတော့
သူတို့ဘာပြောမလဲ။

ကလေးရယ်
သူတို့ဘာပြောပြော အရေးစိုက်မနေပါနဲ့ကွယ်။
သူတို့က မင်းအပြစ်တွေကို
တန်းစီပြီးစာရင်းလုပ်ထားကြတယ်။

မင်းအချိုကြိုက်တာ
လူတိုင်းသိတယ်။
ဒါနဲ့ပဲ သူတို့ကမင်းကို
အငမ်းမရလေးလို့ ဆိုသတဲ့လား။

ဟင်း...ကြီးကြီးကျယ်ကျယ်
ဒီလိုဆို မင်းကိုဝိုင်းချစ်နေတဲ့
တို့တွေကျတော့ကော
သူတို့ ဘယ်လိုခေါ်မတဲ့လဲ။ ။

(11)

THE JUDGE

Say of him what you please,
but I know my child's failings.

I do not love him because he is good,
but because he is my little child.

How should you know
how dear he can be
when you try to weigh his merits
against his faults?

When I must punish him
he becomes all the more
a part of my being.

When I cause his tears to come
my heart weeps with him.

I alone have a right
to blame and punish,
for he only may chastise
who loves.

(၁၁)

တရားသူကြီး

စိတ်ထဲရှိသလို ဆိုချင်ရာဆိုကြပါ။
ဒါပေမယ့် ငါ့သားအပြစ်တွေကို ငါသိပါတယ်။

ငါသူ့ကိုချစ်တာ လိမ္မာလို့မဟုတ်ဘူး။
ငါ့သားမို့ပါ။

သူ့ကောင်းကွက်တွေနဲ့ သူ့ပြစ်ချက်တွေကို
နှိုင်းယှဉ်ချိန်စက်နေရင်
သူဘယ်လောက်ချစ်စရာကောင်းတယ်ဆိုတာ
ဘယ်သိနိုင်တော့မှာလဲ။

သူ့ကိုအပြစ်ပေးဆုံးမရတဲ့အခါ
သူဟာ ပိုလို့တောင်
ငါ့သွေးငါ့သားဖြစ်လာတယ်။

သူမျက်ရည်ကျအောင်လုပ်မိတဲ့အခါ
ငါ့နှလုံးသားက သူနဲ့အတူလိုက်ငိုတယ်။

ငါသာလျှင်
အပြစ်တင်ခွင့် ဒဏ်ပေးခွင့်ရှိတယ်။
အကြောင်းကတော့
ချစ်သူသာ နာနာကျင်ကျင်ဆုံးမပိုင်ခွင့်ရှိလို့ပဲ။ ။

(12)

PLAYTHINGS

Child, how happy you are
sitting in the dust,
playing with a broken twig
all the morning!

I smile at your play
with that little bit of a broken twig.

I am busy with my accounts,
adding up figures by the hour.

Perhaps you glance at me and think,
"What a stupid game to spoil your morning
with!"

Child, I have forgotten
the art of being absorbed
in sticks and mud-pies.

(၁၂)

ကစားစရာ

ကလေး -
တစ်မနက်လုံး ဖုတ်ထဲထိုင်ပြီး
သစ်ကိုင်းကျိုးကလေးနဲ့ ကစားနေလိုက်တာ
မင်း .. အတော်ပျော်နေတယ်ပေါ့။

ဒီသစ်ကိုင်းကျိုးသေးသေးလေးနဲ့
မင်းကစားနေတာကို ငါက ပြုံးမိတယ်။

ငါ့မှာတော့
စာရင်းဇယားတွေနဲ့အလုပ်များနေတယ်။
အချိန်နဲ့အမျှ ကိန်းဂဏန်းတွေ ထပ်ဖြည့်နေရတယ်။

မင်းကလည်း ငါ့ကိုလှမ်းကြည့်ပြီး
"တစ်မနက်လုံး အလကားဖြစ်အောင်
မဟုတ်ကဟုတ်က ကစားနည်းနဲ့
သူမို့ကစားတယ်" လို့ တွေးကောင်းတွေးမယ်။

ကလေးရယ်
ငါ့မှာသစ်ခက်တွေ အိုးပုတ် ချိုးရုပ်တွေနဲ့
မွေ့ပျော်နေတတ်တဲ့အတတ်ကို မေ့ပျောက်ခဲ့ပြီကွယ်။

I seek out costly playthings,
and gather lumps of gold and silver.

With whatever you find
you create your glad games.
I spend both my time
and my strength over things
I can never obtain.

In my frail canoe
I struggle to cross the sea of desire,
and forget that
I too am playing a game.

ငါက
တန်ဖိုးကြီးတဲ့ ကစားစရာတွေကိုရှာဖွေထုတ်ပြီး
ရွှေတွေငွေတွေ အပုံလိုက်ဖြစ်အောင်လုပ်တယ်။

မင်းက တွေ့တဲ့ဟာနဲ့
ပျော်အောင်ကစားတတ်တယ်။
ငါ့မှာတော့ ငါမပိုင်ဆိုင်နိုင်တာတွေအတွက်
အချိန်ရောခွန်အားပါ ကုန်ဆုံးခဲ့ရတယ်။

ခနော်ခနဲ့လှေကလေးနဲ့
လိုချင်လောဘပင်လယ်ကို
ငါက အပန်းတကြီးဖြတ်ကူးနေရတော့၊
ငါကိုယ်တိုင်လည်း ကစားနေတာပဲဆိုတာ
အမေ့မေ့ အလျော့လျော့။ ။

(13)

THE ASTRONOMER

I only said,
" When in the evening
the round full moon gets entangled
among the branches
of that **Kadam** tree,
couldn't somebody catch it? "

But dada laughed at me and said,
" Baby ,you are the silliest child
I have ever known.
The moon is ever so far from us,
how could anybody catch it? "

I said,
" Dada, how foolish you are!
When mother looks out of her window
and smiles down at us playing,
would you call her far away? "

(၁၃)

နက္ခတ်ဆရာ

ကျွန်တော်က မေးရှံမေးတာပါ-
"ညချမ်းအခါ
လပြည့်ဝန်းကြီး
မအူကိုင်းတွေကြား ငြိနေတုန်း
သူ့ကိုဖမ်းယူနိုင်တဲ့သူ မရှိဘူးလား"

ဒါပေမယ့် ကိုကိုကကျွန်တော့်ကို ဟားတိုက်ရင်းပြောတယ်-
"အငယ်လေး
မင်းဟာ ငါတွေဖူးသမျှထဲမှာအမိုက်မဲဆုံးပဲ
လမင်းကြီးက တို့ဆီကနေ ဒီလောက်တောင်ဝေးတဲ့ဟာ
သူ့ကို ဘယ်သူကဖမ်းယူနိုင်မှာလဲကွ"

ကျွန်တော်က ပြန်ပြောတယ်
" ဟ- ညံ့လှချည့်လား ကိုကိုရ
ကျွန်တော်တို့ကစားနေတုန်း ပြတင်းပေါက်ကနေ
မေမေလှမ်းကြည့်ပြီး ပြုံးလိုက်တဲ့အခါ
မေမေ့ကို အဝေးကြီးမှာလို့ ကိုကိုပြောမလား "

Still dada said,
" You are a stupid child!
But, baby,
where could you find a net
big enough to catch
the moon with? "
I said,
" Surely you could catch it
with your hands. "

But dada laughed and said,
" You are the sillliest child
I have known.
If it came nearer,
you would see how big the moon is. "

I said,
" Dada, what nonsense
they teach at your school!
When mother bends her face
down to kiss us,
does her face look very big? "

But still dada says,
" You are a stupid child. "

ကိုကိုကတော့ ပြောတုန်းပဲ -
" မင်းဟာ အတော်ချာတဲ့ကောင်လေးပါ
ဒါပေမယ့် အငယ်လေး
လမင်းကို ဖမ်းယူနိုင်လောက်အောင်ကြီးတဲ့ပိုက်ကွန်
မင်းဘယ်သွားရှာမတုန်း "
ကျွန်တော်ကပြောတယ် -
"လက်နှစ်ဖက်နဲ့ဖမ်းရင် ရကိုရရမယ်ဗျာ"

ဒါပေမယ့် ကိုကိုက ရယ်ပြီးပြန်ပြောတယ်
"မင်းကတော့
ငါတွေ့ဖူးသမျှထဲမှာ အမိုက်မဲဆုံးပါပဲ
လမင်းသာ တို့နဲ့နီးလာရင်
သူ ဘယ်လောက်ကြီးတယ်ဆိုတာ မင်းမြင်ရလိမ့်မယ်"

ကျွန်တော်ကပြောလိုက်တယ်-
" ကိုကိုရယ်---
ကိုကိုတို့ကျောင်းကသင်တာ ပေါက်ကရတွေပါ
ကျွန်တော်တို့ကို နမ်းရအောင်
မေမေငုံ့လိုက်တော့
မေမေ့မျက်နှာ အကြီးကြီးဖြစ်လာလို့လား"

ကိုကိုကတော့ ပြောတုန်းပါ-
"မင်းဟာလူမိုက်ကလေးပါကွာ" တဲ့ ။ ။

(14)

CLOUDS AND WAVES

Mother,
the folk who live up in the clouds
call out to me-
" We play from the time we wake
till the day ends.
We play with the golden dawn,
we play with the silver moon."

I ask," But how am I to get up to you?"

They answer,
" Come to the edge of the earth,
lift up your hands to the sky,
and you will be taken
up into the clouds."

" My mother is waiting for me at home,"
I say.
" How can I leave her and come?"

(၁၄)

တိမ်နဲ့လှိုင်း

မေမေ
တိမ်ထဲမှာ နေသူတွေက
ကျွန်တော့်ကို လှမ်းခေါ်ကြတယ်။
"ငါတို့ဟာ
အိပ်ရာကနိုးကတည်းက တစ်နေကုန်ကစားတယ်၊
ငါတို့ဟာ ရွှေအရုဏ်နဲ့လည်း ကစားတယ်၊
ငွေလမင်းနဲ့လည်း ကစားတယ်"

ကျွန်တော်ကမေးတယ်။
"ဒါပေမယ့် မင်းတို့ဆီရောက်အောင်
ငါဘယ်လို တက်လာရမှာလဲ"

သူတို့ကပြန်ပြောတယ်။
"ကမ္ဘာမြေပြင်အစွန်းကို ရောက်အောင်လာ
မင်းလက်ကို မိုးပေါ်မြှောက်ထား
မင်းကို တိမ်ထဲရောက်အောင်ခေါ်သွားမယ်"

ကျွန်တော်ကပြန်ပြောတယ်။
"မေမေအိမ်ကနေ ငါ့ကိုမျှော်နေလိမ့်မယ်
မေမေ့ကိုထားပြီး ဘယ်လိုလုပ်လာနိုင်ပါ့မလဲ"

Then they smile and float away.

But I know
a nicer game than that,mother.
I shall be the cloud and you the moon.
I shall cover you with both my hands,
and our house-top will be the blue sky.

The folk who live in the waves
call out to me-
" We sing from morning till night;
on and on we travel
and know not where we pass."

I ask," But how am I to join you?"

They tell me,
" Come to the edge of the shore
and stand with your eyes tight shut,
and you will be carried out
upon the waves."

နောက်တော့
သူတို့လည်းပြုံးရယ်ပြီး မျောလွင့်သွားကြတယ်။

ဒါပေမယ့် မေမေရယ်
ဒီ့ထက်ကောင်းတဲ့ အကစားကို သားသိပါတယ်။
ကျွန်တော်ကမိုးတိမ် မေမေကလမင်းဆိုပါတော့။
မေမေ့ကို ကျွန်တော့်လက်နှစ်ဖက်နဲ့ ဖုံးထား့မှာပေါ့။
ကျွန်တော်တို့အိမ်ခေါင်မိုးကတော့ ကောင်းကင်ပြာကြီးပေါ့။

လှိုင်းကြားမှာနေသူတွေက
ကျွန်တော့်ကို လှမ်းခေါ်ကြတယ်။
"ငါတို့ဟာ မိုးလင်းမိုးချုပ် သီချင်းဆိုကြတယ်၊
ခရီးဆိုလည်း တသွားတည်းသွားကြတာ
ဘယ်တွေရောက်မှန်းတောင် မသိဘူးကွယ်"

ကျွန်တော်ကမေးတယ်။
"ဒါပေမယ့် မင်းတို့နောက် ဘယ်လိုလုပ်လိုက်ရမှာလဲ"

သူတို့က ကျွန်တော့်ကိုပြောတယ်။
"ကမ်းခြေအစွန်းကိုလာ
မင်းမျက်စိတွေကို စုံမှိတ်ပြီးရပ်နေ
ဒါဆို မင်းကို လှိုင်းတွေပေါ်တင်ခေါ်သွားမယ်"

I say,
" My mother always wants me at home
in the evening-
how can I leave her and go?"
Then they smile,
dance and pass by.

But I know
a better game than that.

I will be the waves
and you will be a strange shore.
I shall roll on and on,
and break upon your lap with laughter.
And no one in the world will know
where we both are.

ကျွန်တော်က ပြောတယ်။
“ညနေစောင်းဆို
ငါ့ကိုမေမေက အိမ်မှာရှိစေချင်တယ်၊
သူ့ကိုထားပြီး
ငါဘယ်လိုလုပ်သွားပါ့မလဲ”
နောက်တော့
သူတို့လည်းပြုံးကာရယ်ကာ
ကခုန်ကာနဲ့ ထွက်ခွာသွားကြတယ်။

ဒါပေမယ့် ဒီ့ထက်ကောင်းတဲ့ အကစားကို
သားသိပါတယ်။

ကျွန်တော်က လှိုင်းတွေ
မေမေက ထူးဆန်းတဲ့ကမ်းခြေ။
ကျွန်တော်က လှိမ့်လှိမ့်ပြီးတက်လာမယ်။
မေမေ့ပေါင်ပေါ်လည်းရောက်ရော
ရယ်မောပြီး လျှောကျသွားမယ်။
အဲဒီတော့
ကျွန်တော်တို့သားအမိ ဘယ်ရောက်နေတယ်ဆိုတာ
ဒီလောကမှာ သိမယ့်လူဆိုလို့
တစ်ယောက်မျှရှိမယ် မဟုတ်ပါ။ ။

(15)

THE *CHAMPA* FLOWER

Supposing I became a **champa** flower,
just for fun,
and grew on a branch
high up that tree,
and shook in the wind
with laughter
and danced upon
the newly budded leaves,
would you know me,mother?

You would call,
" Baby, where are you?
and I should laugh to myself
and keep quiet.
I should slyly open my petals
and watch you at your work.

When after your bath,
with wet hairs spread on your shoulders,
you walked through
the shadow of the **champa** tree
to the little court
where you say your prayers,
you would notice the scent of the flower,

(၁၅)

စံကားပွင့်

ကျွန်တော် စံကားပွင့်ကလေးဖြစ်သွားတယ်ဆိုပါစို့။
ပြောင်ပြောတာနော်။
ဟိုအပင်မြင့်ကြီးပေါ်က
အကိုင်းတစ်ကိုင်းမှာ သွားပွင့်နေတယ်လေ။
လေထဲမှာတလှုပ်လှုပ်နဲ့ရယ်မောနေ
ရွက်နုသစ်ကလေးတွေပေါ်
ကတမ်းခုန်တမ်းကစားနေမယ်ဆိုရင်
ကျွန်တော့်ကို မှတ်မိပါ့မလား မေမေ။

"သားလေးရေ မင်းဘယ်မှာလဲ" လို့ မေမေခေါ်တော့
ကျွန်တော့်ဘာသာကြိတ်ရယ်ပြီး
ပြန်မထူးဘဲ တိတ်တိတ်နေမှာပေါ့။
ကျွန်တော့်ပွင့်ဖတ်ကလေးတွေကို
အသာအယာဖွင့်လို့
မေမေအလုပ်လုပ်တာ ကြည့်နေမယ်ဗျာ။

မေမေရေမိုးချိုးပြီး
ပခုံးပေါ်ရေစိုဆံပင်ဖားလျားနဲ့
စံကားပင်ရိပ်ကနေ
ဘုရားစာရွတ်တဲ့မြေကွက်လပ်ဆီအသွား
စံကားပန်းနံ့ရတာ မေမေသတိထားမိမှာ။

but not know that it came from me.

When after the midday meal
you sat at the window
reading **Ramayana**,
and the tree's shadow
fell over your hair and your lap,
I should fling my wee little shadow
on to the page of your book,
just where you were reading.
But would you guess
that it was the tiny shadow
of your little child?

When in the evening
you went to the cowshed
with the lighted lamp in your hand,
I should suddenly
drop on to the earth again
and be your own baby once more,
and beg you to tell me a story.
" Where have you been,
you naughty child?"
" I won't tell you mother."
That 's what you and I would say then.

ဒါပေမယ့် သားဆီကလာတဲ့ရန့်ဆိုတာ
မေမေသိမယ်မဟုတ်ပါ။

နေ့လယ်စာစားပြီးလို့
ပြတင်းပေါက်မှာထိုင် 'ရာမာယဏ' ဖတ်တဲ့အခါ
သစ်ပင်ရိပ်က
မေမေ့ဆံပင်ပေါ် ပေါင်ပေါ်ထိုးကျနေမှာ။
မေမေဖတ်နေတဲ့စာအုပ်ရဲ့စာမျက်နှာပေါ်
ကျွန်တော့်အရိပ်သေးသေးလေးကို
ထိုးချပေးမယ်နော်။
ဒါပေမယ့် ဒီအရိပ်ကလေးဟာ
မေမေ့သားလေးရဲ့အရိပ်ဆိုတာ
မေမေတွေးမိမယ်မဟုတ်ပါ။

ညနေစောင်းလို့
လက်ထဲမှာမီးအိမ်ကိုင်ကာ
နွားတင်းကုပ်ဆီ မေမေသွားတဲ့အခါ
မြေကြီးပေါ် ကျွန်တော်
ဖြုတ်ခနဲကြွေကျလာပြီး
မေမေ့သားလေးပြန်ဖြစ်သွားမှာ။
ပြီးတော့ မေမေ့ကိုပုံပြောပြဖို့ ကျွန်တော်ပူဆာ။
"ဘယ်တွေလျှောက်သွားနေတာလဲ
လူဆိုးလေး" လို့ မေမေမေးတော့၊
"မပြောဘူးဗျာ" လို့ သားကပြန်ဖြေလိုက်မှာပေါ့။ ။

(16)

FAIRYLAND

If people came to know
where my king's palace is,
it would vanish into the air.

The walls are of white silver
and the roof of shining gold.
The queen lives in a palace
with seven courtyards,
and she wears a jewel
that cost all the wealth of seven kingdoms.
But let me tell you mother,
in a whisper,
where my king's palace is.
It is at the corner of our terrace
where the pot of the **tulsi** plant stands.

The princess lies sleeping
on the far-away shore of
the seven impassable seas.
There is none in the world
who can find her
but myself.

(၁၆)

ဒဏ္ဍာရီတိုင်းပြည်

ကျွန်တော့်ဘုရင်ကြီးနန်းတော် ဘယ်မှာရှိတယ်ဆိုတာ
လူတွေသာသိသွားရင် အဲဒီနန်းတော်ဟာ
လေထဲမှာကွယ်ပျောက်သွားလိမ့်မယ်။

နံရံတွေကငွေ အမိုးကတော့ရွှေ။
မိဖုရားကြီးစံမြန်းတာက
ခုနစ်ဆောင်တိုက်ခန်းလယ်။
သူဆင်မြန်းတဲ့ ရတနာက
ခုနစ်ပြည်ထောင်တန်တယ်။
ဒါပေမယ့်
ကျွန်တော့်ဘုရင်ကြီးနန်းတော် ဘယ်မှာရှိတယ်ဆိုတာ
မေမေ့ကိုတော့ တိုးတိုးလေးပြောပြမှာပါ။
အဲဒီနန်းတော်ဟာ သားတို့အိမ်ခေါင်မိုးထပ်
ရေဆင်းအထစ်ကလေးထောင့်က ပင်စိမ်းအိုးထဲမှာ။

ဘုရင့်သမီးတော်ကလေးက
ဖြတ်ကူးလို့မရတဲ့ ပင်လယ်ခုနစ်စင်းရဲ့တစ်ဖက်
ဟိုအဝေးကမ်းစပ်မှာ အိပ်စက်နေရှာတယ်။
သူ့ကိုတွေ့အောင်ရှာနိုင်သူဟာ
ကျွန်တော်ကလွဲလို့ ကမ္ဘာပေါ်မှာဘယ်သူမှမရှိပါ။

She has bracelets on her arms
and pearl drops in her ears;
her hair sweeps down upon the floor.
She will wake when I touch her
with my magic wand,
and jewels will fall from her lips
when she smiles.
But let me whisper in your ear, mother;
she is there in the corner of our terrace
where the pot of the **tulsi** plant stands.

When it is time for you
to go to the river for your bath,
step up to that terrace on the roof.
I sit in the corner
where the shadows of the walls
meet together.
Only puss is allow to come with me,
for she knows
where the barber in the story lives.
But let me whisper, mother,
in your ear
where the barber in the story lives.
It is at the corner of the terrace
where the pot of the **tulsi** plant stands.

သူ့လက်မှာလက်ကောက်တွေ
သူ့နားမှာပုလဲနားတောင်းနဲ့
သူ့ဆံပင်က ကြမ်းပြင်တိုက်တယ်။
ကျွန်တော်က ဆေးကြိမ်လုံးနဲ့တို့လိုက်မှ
သူနိုးလာလိမ့်မယ်။
သူပြုံးလိုက်ရင်
သူ့ခံတွင်းကနေ ရတနာတွေကျလာလိမ့်မယ်။
ဒါပေမယ့်
မေမေ့ကိုတော့ ကျွန်တော်တိုးတိုးလေးပြောပါရစေ။
မင်းသမီးလေးနေတာ
ဟောဟိုရေဆင်းအထစ်ကလေးထောင့်က
ပင်စိမ်းအိုးထဲမှာလေ။

မေမေ ရေချိုးဖို့ မြစ်ဆိပ်ဆင်းရင်
အိမ်ခေါင်မိုးထပ်ကို တက်ကြည့်စေချင်တယ်။
နံရံရဲ့အရိပ်တွေဆုံတဲ့ထောင့်မှာ
ကျွန်တော်ထိုင်နေတယ်။
ဒဏ္ဍာရီထဲက ဆံပင်ညှပ်ဆရာ
ဘယ်မှာနေတယ်ဆိုတာသိတဲ့ ပူစီလေးပဲ
ကျွန်တော်နဲ့အတူ လိုက်လို့ရတယ်။
ဒါပေမယ့် မေမေ့ကိုတော့
ဒဏ္ဍာရီထဲကဆံပင်ညှပ်ဆရာ ဘယ်မှာနေတယ်ဆိုတာ
ကျွန်တော် တိုးတိုးလေးပြောပြမှာပါ။
သူနေတာ ရေဆင်းအထစ်ကလေးထောင့်က
ပင်စိမ်းအိုးထဲမှာ။ ။

(17)

THE LAND OF THE EXILE

Mother,
the light has grown grey in the sky;
I do not know what the time is.
There is no fun in my play,
so I have come to you.
It is Saturday, our holiday.
Leave off your work, mother;
sit here by the window
and tell me where the desert of **Tepantar**
in the fairy tale is.

The shadow of the rains
has covered the day from end to end.
The fierce lightning is scratching
the sky with its nails.
When the clouds rumble and it thunders,
I love to be afraid
in my heart and cling to you.

(၁၇)

တစ်ကျွန်းတစ်မြေ

မေမေ
မိုးပေါ်မှာ အလင်းရောင်မှိန်နေပြီ
ဘယ်အချိန်ရှိပြီလဲမသိဘူး။
ကစားရတာစိတ်မပါတော့တာနဲ့
မေမေ့ဆီ ကျွန်တော်လာခဲ့တာ။
ဒီကနေ့စနေနေ့ ကျွန်တော်တို့ကျောင်းပိတ်ရက်လေ။
မေမေ့အလုပ်တွေကို ထားလိုက်ပါဦး။
ဟောဒီပြတင်းပေါက်နားမှာထိုင်
ပြီးတော့ ဒဏ္ဍာရီထဲကတေပန်တာသဲကန္တာရ
ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော့်ကိုပြောပြစမ်းပါနော်။

မိုးရိပ်တွေနဲ့ တစ်နေ့လုံးအုံ့မှိုင်းနေတယ်။
ကြောက်စရာကောင်းတဲ့လျှပ်က
သူ့လက်သည်းတွေနဲ့ ကောင်းကင်ကို ကုတ်ခြစ်နေတယ်။
တိမ်တွေကပြိုးပြိုက်မြည်ပြီး မိုးကြိုးထစ်လိုက်တော့
ကြောက်စိတ်ကိုစုံမက်လို
မေမေ့ကို သားဖက်ထားချင်တယ်။

When the heavy rain patters for hours
on the bamboo leaves,
and our windows shake and rattle
at the gusts of wind,
I likes to sit alone in the room, mother,
with you,
and hear you talk about
the desert of **Tepantar** in the fairy tale.

Where is it, mother,
on the shore of what sea,
at the foot of what hills,
in the kingdom of what king?
There are no hedges there
to mark the fields,
no footpath across it
by which the villagers
reach their village in the evening,
or the woman who gathers dry sticks
in the forest can bring her load
to the market.
With patches of yellow grass
in the sand and only one tree
where the pair of wise old birds
have their nest,
lies the desert of **Tepantar**.

အချိန်ကြာကြာသဲကြီးမဲကြီးရွာတဲ့မိုးက
ဝါးရွက်တွေပေါ် တဝေါဝေါကျ
ကျွန်တော်တို့ပြတင်းပေါက်ကလည်း
ဆောင့်တိုးလိုက်တဲ့လေအရှိန်နဲ့
တကျွီကျွီတလှုပ်လှုပ်ဖြစ်နေတုန်း
မေမေရယ် အခန်းထဲမှာ ကျွန်တော်နဲ့မေမေ
နှစ်ယောက်တည်းထိုင်ကြရအောင်လေ။
ပြီးတော့-ဒဏ္ဍာရီထဲက တေပန်တာသဲကန္တာရအကြောင်း
မေမေပြောပြတာ ကျွန်တော်နားထောင်ပါရစေ။

အဲဒီ သဲကန္တာရကဘယ်မှာလဲဟင် မေမေ။
ဘယ်ပင်လယ်ရဲ့ကမ်းခြေ
ဘယ်တောင်ကုန်းတွေရဲ့ခြေရင်း
ဘယ်မင်းကြီးစိုးစံတဲ့ နေပြည်တော်မှာလဲ။
အဲဒီအရပ်မှာ
လယ်ကွင်းတွေကိုမှတ်ထားဖို့ စည်းရိုးလည်းမရှိဘူး။
တောထဲကိုထင်းခွေသွားတဲ့မိန်းမတွေ
ထင်းရောင်းရအောင်ဈေးလာဖို့
ညနေစောင်းမှာ ရွာပြန်တဲ့ရွာသားတွေ ဖြတ်သွားဖို့
ကွင်းတွေမှာခြေသွားလမ်းလည်းမရှိဘူး။
သဲပြင်ထဲမှာ
ဝါကျင့်ကျင့်မြက်ဖုတ်ကလေးတွေရယ်-
ပညာရှိငှက်အိုမောင်နှံ အသိုက်လုပ်နေတဲ့
သစ်ပင်တစ်ပင်တည်းရယ်နဲ့သာ
တေပန်တာသဲကန္တာရမှာ တည်ရှိနေပါသတဲ့။

I can imagine how,
on just such a cloudy day,
the young son of the king
is riding alone on the grey horse
through the desert,
in search of the princess
who lies imprisoned in the giant's palace
across the unknown water.
When the haze of the rain
comes down in the distant sky,
and lightning starts up
like a sudden fit of pain,
does he remember his unhappy mother,
abandoned by the king,
sweeping the cow-stall and wiping her eyes,
while he rides through
the desert of **Tepantar** in the fairy tale?

See, mother,
it is almost dark before the day is over,
and there are no travellers
yonder on the village road.
The shepherd boy has gone home
early from the pasture,
and men have left their fields
to sit on mats
under the eaves of their huts,
watching the scowling clouds.

ခုလိုတိမ်ထူတဲ့နေ့မျိုးဆို
ဘုရင့်သားတော်လေးဟာ
ခဲသားရောင်မြင်းကြီးကိုစီး၊ သဲကန္တာရကိုဖြတ်
လူမသိတဲ့ရေပြင်ကျယ်တစ်ဖက်က
ဘီလူးကြီးရဲ့နန်းတော်ထဲမှာ
အဖမ်းဆီးခံထားရတဲ့ မင်းသမီးလေးကိုရှာရအောင်
သူ့တစ်ကိုယ်တည်း ဘယ်လိုဘယ်ပုံသွားနေမယ်ဆိုတာ
ကျွန်တော် မှန်းလို့ရပါတယ်။
အဝေးမိုးကောင်းကင်ကနေ မိုးမှုန်တွေကျလာပြီး
လျှပ်ပန်းကလည်း ကောက်ရတဲ့အနာလို
ထလက်လိုက်တဲ့အချိန်မှာ
ရှင်ဘုရင်ရာဇမာန်ရှလို့ နွားတင်းကုပ်ကိုလှည်းကျင်းရင်း
မျက်ရည်စမ်းစမ်းနဲ့ စိတ်မချမ်းမြေ့ရှာတဲ့ သူ့မယ်တော်ကို
ဒဏ္ဍာရီထဲက တေပန်တာသဲကန္တာရဖြတ်ပြီး
မြင်းစီးသွားနေတဲ့ ဘုရင့်သားတော်လေးက
သတိမှရပါရဲ့လား။

ကြည့်ပါဦးမေမေရယ်
နေ့တောင်မကုန်သေးဘူး မှောင်ချင်နေပြီ။
ရွာလမ်းပေါ်မှာလည်း လူသွားလူလာမရှိတော့ဘူး။
သိုးကျောင်းသားလေးကလည်း
စားကျက်ကနေ အစောကြီး အိမ်ပြန်သွားပြီ။
လူတွေလည်း လယ်ထဲကပြန်လာပြီး
တဲတံစက်မြိတ်အောက် ဖျာတွေပေါ်ထိုင်ရင်း
သုန်သုန်မှုန်မှုန်လုပ်နေတဲ့ တိမ်တွေကိုကြည့်နေကြပြီ။

Mother,
I have left all my books
on the shelf-
do not ask me to do my lessons now.
When I grow up and I am big like my father,
I shall learn all that must be learnt.
But just for to-day,
tell me, mother,
where the desert of **Tepantar**
in the fairy tale is.

မေမေ
ကျွန်တော့်စာအုပ်တွေကို စင်ပေါ်မှာထားခဲ့ပြီ။
ကျွန်တော့်ကို ကျောင်းစာတွေမလုပ်ခိုင်းပါနဲ့တော့နော်။
သားကြီးလာလို့ ဖေဖေ့အရွယ်လောက်ရှိရင်
သင်ရမယ့်စာတွေအားလုံးတတ်အောင်
ကျွန်တော်သင်ပါ့မယ်။
ဒါပေမယ့် ဒီကနေ့တစ်နေ့တော့မေမေရယ်
ဒဏ္ဍာရီထဲက တေပန်တာသဲကန္တာရ
ဘယ်မှာရှိတယ်ဆိုတာ
သားကိုပြောပြစမ်းပါနော်...နော်..လို့ ။ ။

(18)

THE RAINY DAY

Sullen clouds are gathering fast
over the black fringe of the forest.
O child, do not go out!
the palm trees in a row
by the lake are smiting their heads
against the dismal sky;
the crows with their daggled wings
are silent on the tamarind branches,
and the eastern bank of the river
is haunted by a deepening gloom.

Our cow is lowing loud,
tied at the fence.
O child, wait here
till I bring her into the stall.
Men have crowded into the flooded field
to catch the fishes
as they escape from the
overflowing ponds;

(၁၈)

မိုးရွာတဲ့နေ့

မာန်စောင်မိုးတိမ်တွေ
မည်းမှောင်တဲ့တောစပ်မှာ စုဝေးမိကြပြီ။
ကလေးရေ...အပြင်မထွက်နဲ့နော်
ကန်စောင်းကအုန်းပင်တန်းလည်း
မှိုင်းမှုန်တဲ့ကောင်းကင်ကို ခေါင်းနဲ့တအားရိုက်နေပြီ။
အတောင်တွေတုပ်တုပ်ကျအောင်စိုနေတဲ့ကျီကန်းတွေက
မန်ကျီးကိုင်းတွေပေါ် မလှုပ်မယှက်နေကြပြီ။
မြစ်အရှေ့ဘက်ကမ်းပါးတခိုမှာလည်း
ပိန်းပိတ်အောင်မည်းတဲ့အမှောင်က ခြောက်လှန့်နေပြီ။

မြစ်စည်းရိုးမှာချည်ထားတဲ့
ငါတို့နွားမကြီးလည်း ကျယ်လောင်မြည်ပြီ။
ကလေးရေ...
နွားကို ငါ တင်းကုပ်ထဲသွင်းလိုက်ဦးမယ်
ဒီနေရာမှာစောင့်နေနော်။
အင်းအိုင်တွေရေလျှံလို့
လွတ်လာတဲ့ငါးတွေကိုဖမ်းရအောင်
ရေဖွေးဖွေးလယ်ပြင်မှာ
လူတွေတစ်အုပ်ကြီးဖြစ်နေကြပြီ။

the rain-water is running in rills
through the narrow lanes
like a laughing boy
who has run away from his mother
to tease her.

Listen,
someone is shouting for the boatman
at the ford.
O child,
the daylight is dim,
and the crossing at the ferry
is closed.
The sky seems to ride fast
upon the madly rushing rain;
the water in the river is loud and impatient;
women have hastened home
early from the Ganges
with their filled pitchers.

The evening lamps must be
made ready.
O child, do not go out!
The road to the market is desolate,
the lane to the river is slippery.
The wind is roaring and struggling
among the bamboo branches
like a wild beast tangled in a net.

မိုးရေက
လမ်းကျဉ်းကလေးတွေမှာ ချောင်းစီးနေလိုက်ပုံများ
အမေ့ကိုကျိစယ်ပြီး ရယ်မောထွက်ပြေးသွားတဲ့
လူကလေးနဲ့ တူ တူသေးတော့။

နားထောင်စမ်း
တစ်ယောက်ယောက်က ကူးတို့ဆိပ် ကမ်းစပ်ရေတိမ်ကနေ
လှေသမားကို အော်ခေါ်နေပါလား။
ကလေးရေ...
နေ့အလင်းလည်းမှိန်ပြီ၊ ကူးတို့လည်းသိမ်းပြီ။
သဲကြီးမဲကြီးရွာနေတဲ့မိုးကို ကောင်းကင်က တက်စီးပြီး
ဒုန်းစိုင်းနေသလိုပါပဲလား။
မြစ်ရေတွေကလည်း
အော်ကြီးဟစ်ကျယ်နဲ့ စိတ်မရှည်နိုင်ကြတော့ဘူး။
မိန်းမသူတွေဆို ဂင်္ဂါမြစ်ထဲကနေ အိုးတွေရေဖြည့်ပြီး
အိမ်ကိုခပ် သွက်သွက်ပြန်သွားကြတာ
အစောကြီးကတည်းကပဲ။

ညချမ်းမီးအိမ်တွေထွန်းဖို့ပြင်ရတော့မယ်။
ကလေးရေ...အပြင်မထွက်နဲ့နော်။
ဈေးကိုသွားတဲ့လမ်းမှာ လူရိပ်လူခြည်မရှိ။
မြစ်ထဲဆင်းတဲ့လမ်းက ချောကျိကျိ။
လေကလည်း
ပိုက်တိုးမိတဲ့သားရိုင်းတစ်ကောင်လို
ဝါးရုံကိုင်းတွေကြား အတင်းအလွတ်ရုန်းရင်း
စူးစူးဝါးဝါးအော်ဟစ်နေလေရဲ့။ ။

(19)

PAPER BOATS

Day by day
I float my paper boats
one by one down the running stream.

In big black letters
I write my name on them
and the name of the village where I live.

I hope that someone in some strange land
will find them and know who I am.

I load my little boats with
shiuli flowers from our garden,
and hope that these blooms of the dawn
will be carried safely
to land in the night.

(၁၉)

စက္ကူလှေ

တစ်နေ့ပြီးတစ်နေ့
စက္ကူလှေလေးတွေ တစ်စင်းပြီးတစ်စင်း
စမ်းရေကြောမှာ ငါမျှောလိုက်တယ်။

လှေတွေပေါ်မှာ
ငါ့နာမည်ရယ်
ငါနေတဲ့ရွာနာမည်ရယ်
စာလုံးမည်းကြီးတွေနဲ့
ငါရေးလိုက်တယ်။

အရပ်တစ်ပါးက
တစ်ယောက်ယောက်သာ
လှေတွေကိုတွေ့ရင်
ငါဘယ်သူဘယ်ဝါဆိုတာ
သိနိုင်မယ်လို့ငါမျှော်လင့်တယ်။

လှေကလေးတွေပေါ်
တို့ခြံထဲက ဆိပ်ဖလူးပန်းတွေ
တင်ပေးလိုက်တယ်။
အရုဏ်ဦးကပွင့်ခဲ့တဲ့ ဒီပန်းကလေးတွေဟာ
ညဥ့်အချိန်မှာကမ်းခြေကို
ချောချောမောမောဆိုက်မှာပဲလို့ ထင်မိတယ်။

I launch my paper boats
and look up into the sky
and see the little clouds
setting their white bulging sails.

I know not
what playmate of mine in the sky
sends them down the air
to race with my boats!

When night comes
I bury my face in my arms
and dream that my paper boats
float on and on under the midnight stars.

The fairies of sleep are sailing in them,
and the lading is their baskets
full of dreams.

ငှါစက္ကူလှေတွေလွှတ်ပြီး
မိုးပေါ်မော့ကြည့်လိုက်တော့
တိမ်တွေကသူတို့ရွက်ဖြူဖောင်းဖောင်းလေးတွေကို
လွှင့်နေတာတွေ့ရတယ်။

မိုးပေါ်က
ငါနဲ့ကစားဖော် ဘယ်သူကများ
ငါ့လှေတွေနဲ့ပြိုင်ရအောင်
တိမ်လှေတွေကို
လေထဲမျှောချလိုက်တယ်မသိဘူး။

ညလည်းကျရော
နဖူးပေါ်လက်တင်ပြီး
ငါစဉ်းစားခန်းဝင်နေလိုက်တာ
ဩော်... ငါ့စက္ကူလှေတွေ
သန်းခေါင်ကြယ်စင်တွေအောက်
တမျောတည်းမျောနေကြမှာပဲပေါ့။

လှေတွေပေါ်မှာတော့
အိပ်မွေ့နတ်သမီးတွေက
အိပ်မက်အပြည့်အမောက်နဲ့
တင်းတောင်းတွေတင်ပြီး
ရွက်လွှင့်နေကြပေလိမ့်မယ်။ ။

(20)

THE SAILOR

The boat of the boatman Madhu
is moored at the wharf of Rajgunj.
It is uselessly laden with jute,
and has been lying there
idle for ever so long.
If he would only lend me his boat,
I should man her with a hundred oars,
and hoist sails,
five or six or seven.
I should never steer her
to stupid markets.
I should sail
the seven seas and the thirteen rivers
of fairyland.

But, mother,
you won't weep for me in a corner.
I am not going into the forest
like Ramachandra
to come back only after fourteen years.
I shall become the prince of the story,
and fill my boat with whatever I like.

(၂၀)

သင်္ဘောသား

လှေသမား မာခုရဲ့လှေဟာ
ရာဇဂုဏ်လှေဆိပ်မှာ ကြိုးချည်ထားတယ်။
သက်သက်မဲ့ လှေပေါ်ကိုလှော်တွေတင်ထားတယ်။
အလုပ်မဖြစ်ဘဲ ဒီအတိုင်းပစ်ထားတာ ကြာ...ကြာလှပြီ။
သူသာသူ့လှေကို ကျွန်တော့်ငှားစမ်းပါလား။
ကျွန်တော်က လှေမှာ
တက်အစင်းတစ်ရာတပ်ပစ်လိုက်မယ်။
ရွက်ကြီးတွေ လေးငါးခြောက်ထပ်ခုနစ်ထပ်
ဆိုင်းပစ်လိုက်မယ်။
တွေ့ကရာဈေးတွေ ဘယ်သွားလိမ့်မလဲ။
ကျွန်တော်က ဒဏ္ဍာရီတိုင်းပြည်ရဲ့သမုဒ္ဒရာခုနစ်စင်း
မြစ်မင်းဆယ့်သုံးသွယ်ရှိရာ ရွက်လွှင့်မှာ။

ဒါပေမယ့် မေမေရယ်
ကျွန်တော့်ကြောင့်တော့ ထောင့်ကပ်ပြီး
မေမေ ငိုမနေရပါဘူး။
ကျွန်တော်က ရာမမင်းသားလိုတောထဲထွက်သွားလိုက်တာ
ဆယ့်လေးနှစ်လုံးလုံးကြာမှ
ပြန်လာမယ့်လူစားမျိုးမဟုတ်ပါဘူး။
ကျွန်တော်က ပုံပြင်ထဲကမင်းသားလေးဖြစ်သွားမှာဗျ။
ကျွန်တော့်လှေပေါ် ကျွန်တော်ကြိုက်တာတင်သွားမှာ။

I shall take my friend Ashu with me.
We shall sail merrily across
the seven seas and the thirteen rivers
of fairyland.

We shall set sail
in the early morning light.
When at the noontide
you ar bathing at the pond,
we shall be
in the land of a strange king.
We shall pass the ford of Tirpurni,
and leave behind us the desert of Tepantar.
When we come back
it will be getting dark,
and I shall tell you
of all that we have seen.
I shall cross
the seven seas and thirteen rivers
of fairyland.

ကျွန်တော့်သူငယ်ချင်း 'အာရှ' ကိုလည်း
ကျွန်တော်နဲ့အတူ ခေါ်သွားရမယ်။
ကျွန်တော်တို့နှစ်ယောက်သား ဒဏ္ဍာရီတိုင်းပြည်ရဲ့
သမုဒ္ဒရာခုနစ်စင်း မြစ်မင်းဆယ့်သုံးသွယ်ကို
ပျော်ပျော်ကြီးရွက်လွှင့်ကြမယ်လေ။

မနက်စောစောအလင်းရောင်လာရင်
ကျွန်တော်တို့ စထွက်ကြမယ်။
နေ့လယ်ချိန် ရေကန်မှာမေမေရေချိုးတော့
ကျွန်တော်တို့ ထူးဆန်းတဲ့ဘုရင်ကြီးတိုင်းပြည်ကို
ရောက်နေမှာပေါ့။
ကျွန်တော်တို့ 'တိပူနိ' ကိုဖြတ်ကူးပြီး
တေပန်တာသဲကန္တာရကို ကျော်သွားမယ်။
ကျွန်တော်တို့ပြန်ရောက်ချိန်ဆို မှောင်စပျိုးရော့မယ်။
မေမေ့ကိုကျွန်တော်တွေ့ခဲ့သမျှ
တစ်လုံးမကျန် ပြန်ပြောပြမယ်။
ဒဏ္ဍာရီတိုင်းပြည်ရဲ့
သမုဒ္ဒရာခုနစ်စင်းနဲ့မြစ်မင်းဆယ့်သုံးသွယ်ကို
သား ဖြတ်ကိုကူးပြမယ်။ ။

(21)

THE FURTHER BANK

I long to go over there
to the further bank of the river.
Where those boats are tied
to the bamboo poles in a line;
Where men cross over in their boats
in the morning with ploughs
on their shoulders
to till their far-away fields;
Where the cowherds
make their lowing cattle
swim across to the riverside pasture;
Whence they all come back home
in the evening,
leaving the jackals to howl
in the island overgrown with weeds.
Mother, if you don't mind,
I should like to become
the boatman of the ferry
when I am grown up.

They say there are strange pools
hidden behind that high bank,
Where flocks of wild ducks
come when the rains are over,

(၂၁)

ဟိုဘက်ကမ်း

ဟောဟိုက...မြစ်တစ်ဖက်ကမ်းကို
ကျွန်တော်သွားချင်တယ်။
အဲဒီမှာ လှေတွေကိုဝါးလုံးတွေနဲ့
တန်းစီပြီးချည်ထားတယ်။
အဲဒီမှာ မနက်လင်းပြီဆို ယောက်ျားကြီးတွေက
ဟိုအဝေးကွင်းတွေထဲမှာ လယ်ထွန်ဖို့
ထွန်တုံးတွေကိုလှေနဲ့တင်ပြီး ဖြတ်ကူးကြတယ်။
အဲဒီမှာ တဗူးဗယ်ဗယ် မြည်နေတဲ့နွားအုပ်ကို
တစ်ဖက်ကမ်းစားကျက်တွေဆီ ဖြတ်ကူးဖို့
နွားကျောင်းသားတွေက ရေချကြတယ်။
ညနေစောင်းလို့ သူတို့တွေအိမ်အပြန်မှာ
ကျွန်းပေါ်ကိုင်းတောထဲကနေ
ခွေးအ,တွေ အူကျန်ရစ်တယ်။
မေမေသာငြင်းစရာမရှိရင် သားကြီးလာရင်
ကူးတို့သမားလုပ်ချင်တယ် မေမေရယ်။

သူတို့က
ဟောဟို ကမ်းပါးမြင့်မြင့်ကြီးရဲ့နောက်ဖက်မှာ
အဆန်းတကြယ်ရေကန်တွေရှိတယ်တဲ့။
အဲဒီကန်တွေမှာ မိုးကုန်ပြီဆိုရင်
တောဘဲအုပ်တွေကျသတဲ့။

and thick reeds grow round the margins
where water-birds lay their eggs;
Where snipes with their dancing tails
stamp their tiny footprints
upon the clean soft mud;
Where in the evening
the tall grasses crested with white flowers
invite the moonbeam
to float upon their waves.
Mother, if you don't mind,
I should like to become
the boatman of the ferryboat
when I am grown up.

I shall cross and cross back
from bank to bank,
and all the boys and girls of the village
will wonder at me while they are bathing.
When the sun climbs the mid sky
and morning wears on to noon,
I shall come running to you,
saying,
" Mother, I am hungry! "

ကန်စောင်းတစ်လျှောက် ကျူပင်တွေတောထပြီး
အဲဒီမှာ ရေကျေးရေငှက်ကလေးတွေ ဥ ဥကြသတဲ့။
အမြီးလေးတလှုပ်လှုပ်နဲ့စနိုက်ကလေးတွေက
ပြောင်စင်တဲ့ရွှံ့ပြင်ပျော့ပျော့ပေါ်မှာ
သူတို့ခြေရာသေးသေးလေးတွေ နှိပ်ကြသတဲ့။
အဲဒီမှာ ညချမ်းရောက်ပြီဆို
ပွင့်ဖြူတွေအမောက်တထောင်ထောင်နဲ့ ကိုင်းပင်တွေက
သူတို့လှိုင်းကျောပေါ် မျှောရအောင်လို့
ငွေလရောင်ကိုဖိတ်ခေါ်သတဲ့။
မေမေသာငြင်းစရာမရှိရင် သားကြီးလာရင်
ကူးတို့သမားလုပ်ချင်တယ် မေမေရယ်။

တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်း
ကူးချည်ပြန်ချည်ကျွန်တော်လုပ်တော့
ရေချိုးနေတဲ့ ရွာကကလေးတွေ
ကျွန်တော့်ကို တအံ့တသြဖြစ်နေကြလိမ့်မယ်။
နေက ကောင်းကင်အလယ်ရောက်အောင်မြင့်တက်လို့
မနက်ခင်းကမွန်းတည့်ချိန်အကူးမှာ
မေမေ့ဆီပြေးလာပြီး
ကျွန်တော်ပြောမယ်
"ဆာလိုက်တာမေမေရယ်"

When the day is done
and the shadows cower under the trees,
I shall come back in the dusk.
I shall never go away from you
into the town to work like father.
Mother, if you don't mind,
I should like to become
the boatman of the ferryboat
when I am grown up.

နေကုန်လို့ အရိပ်တွေကအပင်တွေအောက်
ဝပ်လျှိုးလာတဲ့ရီတမှောင်မှာ ကျွန်တော်ပြန်လာမယ်။
မေမေ့ကိုထားခဲ့ပြီး ဖေဖေ့လိုတော့
သား မြို့ကိုသွားအလုပ်မလုပ်ချင်ပါ။
မေမေသာငြင်းစရာမရှိရင် သားကြီးလာရင်
ကူးတို့သမားလုပ်ချင်တယ် မေမေရယ်။ ။

(22)

THE FLOWER SCHOOL

When storm-clouds rumble in the sky
and June showers come down,
The moist east wind comes
marching over the heath
to blow its bagpipes
among the bamboos.
Then crowds of flowers
come out of a sudden,
from nobody knows where,
and dance upon the grass
in wild glee.

Mother, I really think
the flowers go to school underground.
They do their lessons
with doors shut,
and if they want to come out to play
before it is time,
their master makes them stand in a corner.

(၂၂)

ပန်းကျောင်း

တိမ်မှုန်တိုင်းတွေက
မိုးပေါ်မှာ ဗြုံးဗြိမ့်သံပေးလို့
နယုန်မိုးသေးရွာတဲ့အခါ
အရှေ့လေစိုက ဝါးရုံတောထဲမှာ
စစ်ချီပလွေမှုတ်ရအောင်
ဗျိုက်တောပေါ် ဖြတ်ကျော်ချီတက်လာတယ်။
အဲဒီနောက်တော့ ဖြုန်းခနဲ
ဘယ်ကလာမှန်းဘယ်သူမှမသိတဲ့
ပန်းကလေးတွေ အုံနဲ့ကျင်းနဲ့ထွက်လာကြပြီး
မြက်ခင်းပေါ် အရှုးအမူးမြူးထူးကခုန်ကြတယ်။

မေမေရယ်...
ပန်းတွေဟာ မြေအောက်မှာကျောင်းတက်ကြတယ်လို့
ကျွန်တော် တကယ်ယုံတယ်။
တံခါးတွေပိတ်ပြီး သူတို့ကျောင်းစာတွေလုပ်ရတယ်။
အချိန်မပတုတ် အပြင်ထွက်ဆော့ရင် သူတို့ဆရာက
ထောင့်မှာမတ်တတ်ရပ်ခိုင်းပြီး ဒဏ်ပေးတယ်။

When the rain comes
they have their holidays.
Branches clash together in the forest,
and the leaves rustle in the wild wind,
the thunder-clouds clap their giant hands
and the flower children
rush out in dress of pink
and yellow and white.

Do you know, mother,
their home is in the sky,
where the stars are.
Haven't you seen
how eager they are to get there?
Don't you know
why they are in such a hurry?
Of course, I can guess
to whom they raise their arms:
they have their mother
as I have my own.

မိုးကျလာရင်သူတို့ကျောင်းပိတ်တယ်။
တောထဲမှာသစ်ကိုင်းတွေကအချင်းချင်းတိုးကြတိုက်ကြ-
သစ်ရွက်တွေကလေမွှေ့တော့တရှဲရှဲမြည်ကြ-
မိုးကြိုးတိမ်တိုက်တွေက
ဘီလူးလက်တွေနဲ့လက်ခုပ်တီးကြတယ်။
ပန်းသူငယ်လေးတွေလည်း
ဖြူဖြူဝါဝါနီတျာတျာအဝတ်အစားတွေနဲ့
အပြေးအလွှားထွက်လာကြတယ်။
သူတို့အိမ်တွေက
ကြယ်တွေရှိရာမိုးပေါ်မှာဆိုတာ မေမေသိရဲ့လား။
သူတို့
အဲဒီကိုဘယ်လောက်သွားချင်စိတ်သန်နေတယ်ဆိုတာ
မေမေမတွေ့ဘူးလား။
သူတို့
ဘာပြုလို့ဒါလောက်ရေးကြီးသုတ်ပျာဖြစ်နေတယ်ဆိုတာ
မေမေ မသိဘူးလား။
သူတို့ ဘယ်သူ့ဆီလက်တဆန့်ဆန့်ဖြစ်နေတယ်ဆိုတာ
ကျွန်တော့်အထင်ပြောရရင်တော့
သားမှာအမေရှိသလို သူတို့မှာလည်း
သားလိုပဲအမေရှိလို့ဖြစ်မှာပေါ့။ ။

(23)

THE MERCHANT

Imagine, mother,
that you are to stay at home
and I am to travel into strange lands.
Imagine that my boat is ready
at the landing fully laden.
Now think well, mother,
before you say what I shall bring for you
when I come back.

Mother, do you want
heaps and heaps of gold?
There, by the banks of golden streams,
fields are full of golden harvest.
And in the shade of the forest path
the golden **champa** flowers
drop on the ground.
I will gather them all for you
in many hundred baskets.

(၂၃)

ကုန်သည်

ဆိုကြပါစို့ မေမေရယ် ...
မေမေကအိမ်မှာနေပြီး ကျွန်တော်ကအရပ်တစ်ပါး
ခရီးထွက်သွားတယ်ပေါ့။
ကျွန်တော့်သင်္ဘောက ကုန်အပြည့်တင်ပြီး
ကမ်းကခွာဖို့ အသင့်ဖြစ်နေပြီဆိုပါတော့။
ကိုင်း- သားပြန်လာရင်
မေမေ့အတွက် ဘာယူခဲ့ရမလဲဆိုတာ
သေသေချာချာစဉ်းစားပြီးမှပြောနော်။

မေမေ...
ရွှေတွေအပုံလိုက်အပုံလိုက် လိုချင်သလား-
ဟောဟိုက ရွှေစမ်းချောင်းတွေရဲ့ကမ်းပါးဘေး
ကွင်းတွေထဲမှာ ရွှေကောက်နှံတွေနဲ့အပြည့်ပေါ့။
ပြီးတော့- တောလမ်းလေးရဲ့အရိပ်မှာ
ရွှေစကားပွင့်တွေက မြေပေါ်ကြွေကျနေတယ်။
ရွှေစကားပွင့်တွေကို တောင်းတွေနဲ့
ထောင်ပုံရာပုံ ကျွန်တော်သိမ်းကျုံးထည့်ခဲ့မယ်။

Mother, do you want pearls
big as the raindrops of autumn?
I shall cross to the pearl island shore.
There in the early morning light
pearls tremble on the meadow flowers,
pearls drop on the grass,
and pearls are scattered on the sand
in spray by the wild sea-waves.
My brother shall have
a pair of horses with wings
to fly among the clouds.
For father
I shall bring a magic pen
that, without his knowing,
will write of itself.
For you, mother,
I must have the casket and jewel
that cost seven kings their kingdoms.

ဆောင်းဦးမိုးပေါက်လောက်ကြီးတဲ့
ပုလဲလုံးကြီးတွေကော မေမေလိုချင်သေးသလား။
ကျွန်တော် ပုလဲကျွန်းကိုအရောက်သွားမယ်။
အဲဒီမှာ မနက်စောစောအလင်းရောင်ထဲ
ပုလဲတွေက စားကျက်ပန်းရိုင်းတွေပေါ်
တုန်ရီနေလားနေရဲ့-
မြက်ခင်းပေါ် ပြုတ်ကျလားကျရဲ့-
ပင်လယ်လှိုင်းကြမ်းတွေက ဖြန့်ကြဲပစ်လိုက်လို့
ပုလဲလုံးတွေ သဲပေါ် ပြန့်ကြဲနေလေရဲ့။
ကျွန်တော့်ညီလေးဖို့
တိမ်ယံမှာကျက်စားတဲ့
မြင်းပျံနှစ်စီးလည်း ယူခဲ့ရဦးမယ်။
မေဖေ့ဖို့လည်း သူမသိလိုက်ဘဲ အလိုလိုရေးသွားတဲ့
ကလောင်စကြောတစ်ချောင်း ယူခဲ့မယ်။
မေမေရယ်... မေမေ့ဖို့ကတော့
ခုနစ်ပြည်တန်ပတ္တမြားကို ကြုပ်ကလေးနဲ့ထည့်ပြီး
သားယူခဲ့ပါ့မယ်။ ။

(24)

SYMPATHY

If I were only a little puppy,
not your baby,
mother dear,
would you say " No" to me
if I tried to eat from your dish?
Would you drive me off,
saying to me,
" Get away, you naughty little puppy "?
Then go, mother, go!
I will never come to you
when you call me,
and never let you feed me any more.

If I were only a little green parrot,
and not your baby,
mother dear,
would you keep me chained
lest I should fly away?

(၂၄)

စာနာစိတ်

ချစ်မေမေရယ်...
ကျွန်တော်သာ မေမေ့ကလေးလေးမဟုတ်ဘဲ
ခွေးကလေးဖြစ်မယ်ဆို
မေမေ့ထမင်းပန်းကန်ထဲနှိုက်စားရင်
ကျွန်တော့်ကို "ဟဲ့" လို့ ဆိုမှာလားဟင်။
ကျွန်တော့်ကိုမောင်းနှင်ထုတ်ပြီး
"သွားစမ်း...သွားစမ်း...
တော်တော်ဆိုးတဲ့ခွေးကလေး" လို့ပြောမှာလား။
ဒါဖြင့် သွားပါမေမေရယ်...သွားပါ
မေမေခေါ်ရင် သားမလာချင်တော့ပါဘူး။
မေမေကျွေးတာလည်း သားမစားချင်တော့ပါဘူး။

ချစ်မေမေရယ်...
ကျွန်တော်ဟာ မေမေ့ကလေးလေးမဟုတ်ဘဲ
ကြက်တူရွေးစိမ်းစိမ်းလေးသာဖြစ်မယ်ဆိုရင်
ပျံသွားမှာစိုးလို့ဆိုပြီး
ကျွန်တော့်ကို ကြိုးနဲ့ချည်ထားမှာလားဟင်။

Would you shake your finger at me
and say,
" What an ungrateful wretch of a bird!
It is gnawing at its chain day and night "?
Then go mother, go!
I will run away into the woods;
I will never let you take me
in your arms again.

ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး
"ဟဲ့-ကျေးဖူးမဲ့တဲ့ တိရစ္ဆာန်၊ နေ့ရောညပါ
ကြိုးကိုသာဆိတ်နေ သိလား" လို့ ပြောမှာလား။
ဒါဖြင့် သွားပါမေမေရယ်... သွားပါ
ကျွန်တော် တောထဲကိုထွက်ပြေးတော့မယ်။
မေမေ
သားကို ပွေ့ချီမထားရတော့ဘူး။ ။

(25)

VOCATION

When the gong sounds ten
in the morning
and I walk to school by our lane,
Every day I meet the hawker crying,
" Bangles, crystal bangles! "
There is nothing to hurry him on,
there is no road he must take,
no place he must go to,
no time he must come home.
I wish I were a hawker,
spending my day in the road,crying,
" Bangles, crystal bangles! "

When at four in the afternoon
I come back from the school,
I can see through the gate of that house
the gardener digging the ground.

(၂၅)
အလုပ်အကိုင်

မနက် ဆယ်နာရီထိုးလို့
လမ်းကလေးအတိုင်း ကျွန်တော်ကျောင်းတက်သွားတဲ့အခါ
" ဖန်လက်ကောက်တွေ... ဖန်လက်ကောက်တွေ "လို့
အော်အော်ရောင်းတဲ့အထမ်းဈေးသည်နဲ့
ကျွန်တော်နေ့တိုင်းဆုံနေကျပေါ့။
သူ့မှာ အလောသုံးဆယ်လုပ်စရာမလို
မသွားမဖြစ်တဲ့လမ်း၊ မရောက်မဖြစ်တဲ့အရပ်
အိမ်ကိုမပြန်မဖြစ်တဲ့အချိန်လို့လည်း သူ့မှာမရှိဘူး။
ကျွန်တော်လည်း တစ်နေကုန်လမ်းပေါ်လည်ပြီး
" ဖန်လက်ကောက်တွေ... ဖန်လက်ကောက်တွေ "လို့
အော်အော်ရောင်းရတဲ့အထမ်းဈေးသည် ဖြစ်ချင်လိုက်တာ။

ညနေလေးနာရီထိုးလို့
ကျွန်တော်ကျောင်းကပြန်လာတဲ့အခါ
ဟို အိမ်ခြံဝင်းတံခါးမှာ ဥယျာဉ်မှူးမြေတူးနေတာ
ကျွန်တော်တွေ့ရတယ်။

He does what he likes with his spade,
he soils his clothes with dust,
nobody takes him to task
if he gets baked in the sun or gets wet.
I wish I were a gardener
digging away at the garden
with nobody to stop me from digging.

Just as it gets dark in the evening
and my mother sends me to bed,
I can see through my open window
the watchman walking up and down.
The lane is dark and lonely,
and the street-lamp stands like a giant
with one red eye in its head.
The watchman swings his lantern
and walks with his shadow at his side,
and never once goes to bed in his life.
I wish I were a watchman
walking the streets all night,
chasing the shadows with my lantern.

ပေါက်ပြားတစ်လက်နဲ့ သူလုပ်ချင်တာလုပ်
အဝတ်အစားတွေ ပေချင်သလောက်ပေ
နေပူပူ မိုးစိုစို သူ့ကို ဆိုမယ့်ပြောမယ့်လူမရှိဘူး။
ကျွန်တော်လည်း မတူးနဲ့လို့ပြောမယ့်လူမရှိဘဲ
ပန်းခြံထဲမှာတတူးတည်းတူးနေရတဲ့
ဥယျာဉ်မှူးဖြစ်ချင်လိုက်တာ။

ညရောက်လို့မှောင်လာရင်
မေမေက ကျွန်တော့်ကိုအိပ်ရာဝင်ခိုင်းတယ်။
ဖွင့်ထားတဲ့ ကျွန်တော့်ပြတင်းကနေ
ညစောင့်သမား ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတာ
ကျွန်တော် မြင်ရတယ်။
လမ်းကမှောင်ပြီး လူခြေတိတ်နေတယ်။
လမ်းမီးတိုင်ကလည်း
မျက်စိနီတစ်လုံးတည်းနဲ့ ဘီလူးကြီးလို
မတ်တတ်ရပ်နေတယ်။
ညစောင့်က မီးအိမ်ကိုလွှဲလို့
အရိပ်ကိုသူ့ဘေးမှာထားပြီး လမ်းလျှောက်နေတယ်။
သူ့တစ်သက်မှာတစ်ခါမှ အိပ်ရာဝင်တယ်မရှိဘူး။
ကျွန်တော်လည်း
မှန်အိမ်တစ်လုံးနဲ့ အရိပ်တွေလိုက်ဖမ်းရင်း
တစ်ညလုံးလမ်းပေါ်လျှောက်နေရတဲ့
ညစောင့်သမားဖြစ်ချင်လိုက်တာဗျာ။ ။

(26)

SUPERIOR

Mother, your baby is silly!
She is so absurdly childish!
She does not know the difference between
the lights in the streets and the stars.
When we play at eating with pebbles,
she thinks they were real food,
and tries to put them in her mouth.
When I open a book before her
and ask her to learn her a, b, c,
she tears the leaves with her hands
and roars for joy at nothing;
this is your baby's way
of doing her lesson.
When I shake my head at her in anger
and scold her and call her naughty,
she laughs and thinks it great fun.
Everybody knows that father is away,
but if in play I call aloud " Father,"
she looks about her in excitement
and thinks that father is near.

(၂၇)

လူတတ်ကြီး

မေမေ...
မေမေ့သမီးလေးကမလိမ္မာဘူး
သူ သိပ်ကလေးဆန်တာပဲ။
လမ်းထဲကမီးပွင့်တွေနဲ့ကြယ်တွေကို ခွဲပြီးသူမသိဘူး။
ကျွန်တော်က ကျောက်ခဲတွေနဲ့မုန့်စားတမ်းကစားရင်
သူက တကယ့်စားစရာမှတ်ပြီး
ကျောက်ခဲကိုပါးစပ်ထဲ အတင်းထည့်တော့တာပဲ။
ကျွန်တော်က သူ့ရှေ့မှာစာအုပ်ဖွင့်ပြီး
ကကြီး ခကွေး ဂငယ် လို့ရေးခိုင်းရင်
သူက စာရွက်တွေကိုလက်နဲ့ချေပြီး
အလကားသက်သက် အော်ချင်ရာလျှောက်အော်တယ်
အဲဒါ မေမေ့သမီးလေးစာကျက်နည်းပါပဲ။
ကျွန်တော်က ခေါင်းခါပြီးစိတ်ဆိုးမာန်ဆိုးနဲ့
"မိရှုပ်"လို့ ကြိမ်းပေမယ့်လည်း
သူကတော့ ဟာသမှတ်ပြီးရယ်နေတာပဲ။
ဖေဖေအိမ်မှာမရှိတာ လူတိုင်းသိတယ်
ဒါပေမယ့် ကစားရင်းကျွန်တော်က
"ဖေဖေ"လို့ ကျယ်ကျယ်လှမ်းခေါ်လိုက်ရင်
ဖေဖေအနားမှာရှိတယ်မှတ်ပြီး လှုပ်လှုပ်ရှားရှားနဲ့
အနီးအနားတစ်ဝိုက် သူလိုက်ကြည့်တော့တာပဲ။

When I hold my class with the donkeys
that our washerman brings
to carry away the clothes
and I warn her that I am a schoolmaster,
she will scream for no reason
and call me dada.[1]
Your baby wants to catch the moon.
She is so funny;
she calls Ganesh[2] Ganush.
Mother, your baby is silly!
She is so absurdly childish!

---

1 Elder brother

2 Ganesh, a common name in India,also that of the god with the elephant's head.

ခဝါသည်တွေ အဝတ်ပောင်းသယ်ဖို့ခေါ်လာတဲ့
မြည်းတွေနဲ့ ကျွန်တော်စာသင်တမ်းကစားတော့
သူ့ကို ကျွန်တော်သတိပေးပါတယ်။
ကျွန်တော်ဟာကျောင်းဆရာပါလို့ပြောထားတဲ့ကြားက
အကြောင်းမဲ့သက်သက် ထအော်ပြီး
ကျွန်တော့်ကို "ကိုကို" လို့ သူခေါ်တယ်။
မေမေ့သမီးလေးက
လမင်းကိုလည်း လက်နဲ့ဖမ်းလိုက်ချင်သေးတယ်။
အတော်ရယ်ဖို့ကောင်းတဲ့ကောင်မလေး။
'ဂနေသျှ'ကိုလည်း 'ဂနုသျှ'လို့ အသံထွက်တယ်။
မေမေရယ်...
မေမေ့သမီးလေးက ဘာမှန်းလည်းမသိဘူး။
တကယ့်ကို ကလေးဆန်လွန်းပါတယ်ဗျာ။ ။

ဂနေသျှ -အိန္ဒိယပြည်တွင် အများသုံးအမည်။
ဆင်ဦးကင်းရှိသောနတ်ဘုရားများကိုလည်း ခေါ်သည်။

(27)

THE LITTLE BIG MAN

I am small
because I am a little child.
I shall be big
when I am as old as my father is.
My teacher will come and say,
" It is late,
bring your slate and your books. "
I shall tell him,
" Do you not know
I am as big as father?
And I must not have lessons anymore. "
My master will wonder and say,
" He can leave his books if he likes,
for he is grown up. "

I shall dress myself
and walk to the fair
where the crowd is thick.
My uncle will come
rushing up to me and say,

(၂၇)

လူကြီးပေါက်စ

ကျွန်တော်ကငယ်ပါသေးတယ်
ကလေးပဲရှိသေးတာကိုး။
ဖေဖေ့အရွယ်လောက်ရောက်လာတော့လည်း
ကျွန်တော်လူကြီးပေ့ါ။
ကျွန်တော့်ဆရာကလာပြောမယ်။
"နောက်ကျနေပြီ
မင်းကျောက်သင်ပုန်းနဲ့စာအုပ်တွေယူခဲ့လေ"
ကျွန်တော်ကပြောလိုက်မယ်။
"ဖေဖေ့လိုပဲ ကျွန်တော်လည်း လူကြီးဖြစ်နေတာ
ဆရာ မသိဘူးလား၊
ကျွန်တော်စာထပ်သင်ဖို့ မလိုတော့ပါဘူး"
ဆရာကအံ့အားသင့်ပြီး
"အေးလေ- ကြီးပြင်းလာမှပဲ
စာအုပ်တွေမကိုင်ချင်တော့ရင်လည်း ရှိပစေပေ့ါ"

လူထူထူ ပွဲလမ်းသဘင်ကို
ကိုယ်ဝတ်ချင်တာဝတ်စားပြီး ကျွန်တော်သွားမယ်။
ကျွန်တော့်ဦးလေးကကျွန်တော့်နောက်
အမောတကောပြေးလိုက်လာပြီး ပြောဦးမယ်။

" You will get lost, my boy;
let me carry you. "
I shall answer,
" Can't you see, uncle,
I am as big as father?
I must go to the fair alone. "
Uncle will say,
" Yes, he can go wherever he likes,
for he is grown up. "

Mother will come from her bath
when I am giving money to my nurse,
for I shall know how to open the box
with my key.
Mother will say,
" What are you about, naughty Child? "
I shall tell her,
" Mother, don't you know,
I am as big as father,
and I must give silver to my nurse. "
Mother will say to herself,
" He can give money to whom he likes,
for he is grown up. "

"လူကလေး- မင်းပျောက်သွားလိမ့်မယ်
လာ- ဦးလေးချီခေါ်မယ်"
ကျွန်တော်က ပြန်ပြောလိုက်မယ်။
"ဦးလေးရယ်...ဖေဖေ့လိုပဲ
ကျွန်တော်လည်း လူကြီးဖြစ်နေတာမမြင်ဘူးလား
ပွဲကို ကျွန်တော်တစ်ယောက်တည်းသွားတတ်ပါတယ်ဗျ"
ဦးလေးကပြောမယ်။
"အော်- အရွယ်ရောက်မှပဲလေ
သူသွားချင်ရာ သွားပေမပေါ့"

ကျွန်တော်က သေတ္တာသော့ဖွင့်ပြီး
ကျွန်တော့်အထိန်းကို ငွေပေးနေတုန်း
မေမေရေချိုးရာကပြန်အလာနဲ့ဆုံတော့
မေမေကဆိုလိမ့်မယ်။
"ဟဲ့ လူနောက်ကလေး
မင်းဘာတွေလျှောက်လုပ်နေတာလဲ"
ကျွန်တော်ကပြောမယ်။
"မေမေရယ်... ဖေဖေ့လိုပဲ
ကျွန်တော်လည်းလူကြီးဖြစ်နေပြီဆိုတာ မေမေမသိဘူးလား
ဒီတော့ကျွန်တော့်အထိန်းကို ကျွန်တော်ကငွေပေးရမှာပေါ့"
မေမေက သူ့ဘာသာသူပြောလိမ့်မယ်။
"အော်...အရွယ်ရောက်မှပဲလေ
ငွေဆိုတာ သူပေးချင်တဲ့လူပေးပေမပေါ့"

In the holiday time in October
father will come home and,
thinking that I am still a baby ,
will bring for me from the town
little shoes and small silken frocks.
I shall say,
" Father, give them to my dada,
for I am as big as you are. "
Father will think and say,
" He can buy his own clothes if he likes,
for he is grown up. "

သီတင်းကျွတ်ကျောင်းပိတ်ရက်ဆို
ဖေဖေအိမ်ပြန်လာတတ်တယ်၊
ဖေဖေကကျွန်တော့်ကို ကလေးလေးထင်တုန်းမို့
မြို့ကနေ ဖိနပ်သေးသေးလေးတွေ
အင်္ကျီလေးတွေ ပါလာမယ်။
ကျွန်တော်က ပြောလိုက်မယ်။
"ဖေဖေရယ်... ဒါတွေ ကိုကိုကိုပေးလိုက်ပါ
သားကဖေဖေ့အရွယ် လူကြီးဖြစ်နေပြီပဲဟာ"
ဖေဖေက စဉ်းစဉ်းစားစားနဲ့ဆိုလိမ့်မယ်။
"အေးလေ- သူလည်းအရွယ်ရောက်လာမှပဲ
သူကြိုက်ရာ သူကိုယ်တိုင်ဝယ်ဝတ်ချင်ရှာပေမပေါ့"။ ။

(28)

TWELVE O'CLOCK

Mother,
I do want to leave off
my lessons now.
I have been at my book
all the morning.

You say
it is only twelve o'clock.
Suppose it isn't any later;
can't you ever think
it is afternoon
when it is only twelve o'clock?

I can easily imagine now
that the sun has reached
the edge of that rice-field,
and the old fisher-woman
is gathering herbs
for her supper
by the side of the pond.

(၂၈)

ဆယ့်နှစ်နာရီ

မေမေ
ကျွန်တော်ကျောင်းစာတွေလုပ်ရတာ
တော်ချင်ပြီ
တစ်မနက်လုံးစာအုပ်နဲ့ပဲ
အချိန်ကုန်ခဲ့ရတယ်။

မေမေက
ခုမှ ဆယ့်နှစ်နာရီပဲရှိသေးတယ်လို့ပြောတယ်။
အင်းလေ- ဒါဆိုနောက်ကျနေပြီမခေါ်နိုင်ဘူးလား၊
ဆယ့်နှစ်နာရီပဲရှိသေးတယ်ဆိုတဲ့အချိန်ဟာ
မွန်းလွဲပြီလို့များ
မေမေတစ်ခါမှတွေးမကြည့်မိဘူးလား။

ကျွန်တော်ဆို
အလွယ်ကလေးမှန်းကြည့်လို့ရတယ်။
ဟော- ခုပဲ
နေက စပါးခင်းဟိုဘက်အစွန်းကိုရောက်သွားပြီ။
ငါးရှာတဲ့အမယ်အိုက
ညစာချက်ဖို့ ကန်စောင်းမှာဟင်းရွက်ခူးနေပြီ။

I can just shut my eyes
and think that
the shadows are growing darker
under the **madar** tree,
and the water in the pond
looks shiny black.

If twelve o'clock
can come in the night,
why can't the night come
when it is twelve o'clock?

ကျွန်တော် မျက်စိအသာမှိတ်ပြီး
တွေးကြည့်လိုက်တာနဲ့
သပြေပင်အောက်မှာ
အရိပ်တွေက မှောင်သထက်မှောင်၊
ကန်ရေတွေကလည်း နက်ပြောင်လာနေတယ်။

ညမှာ
ဆယ့်နှစ်နာရီရောက်လာနိုင်ရင်
ဆယ့်နှစ်နာရီမှာ
ည ဘာပြုလို့ရောက်မလာနိုင်ရမှာတဲ့လဲ။ ။

(29)

AUTHORSHIP

You say that
father writes a lot of books,
but what he writes I don't understand.
He was reading to you all the evening,
but could you really make out
what he meant?
What nice stories, mother,
you can tell us!
Why can't father write like that,
I wonder?
Did he never hear
from his own mother
stories of giants and fairies and princesses?
Has he forgotten them all?

Often when he gets late for his bath
you have to go and call him
a hundred times.
You wait and keep his dishes warm for him,
but he goes on writing and forgets.
Father always plays at making books.
If ever I go to play in father's room,
you come and call me,

(၂၉)

စာရေးဆရာအလုပ်

မေမေပြောတော့
ဖေဖေဟာ စာအုပ်တွေအများကြီးရေးတယ်တဲ့။
ဒါပေမယ့် သူရေးတာတွေကို သားတော့နားမလည်ပါဘူး။
ဖေဖေကမေမေ့ကို တစ်ညနေလုံးဖတ်ပြနေတာပဲ။
ဒါပေမယ့် သူဘာဆိုလိုမှန်း မေမေတကယ်ရောသိလို့လား။
မေမေ သားတို့ကိုပြောပြတဲ့ပုံပြင်တွေဆို
ဘယ်လောက်ကောင်းသလဲ။
အဲလိုမျိုး ဖေဖေဘာပြုလို့မရေးနိုင်တာလဲ၊
ကျွန်တော်ဖြင့် အံ့သြလို့မဆုံးဘူး။
ဘီလူးကြီးတွေ၊ နတ်သမီးလေးတွေ၊
ဘုရင့်သမီးတော်လေးတွေပါတဲ့ပုံပြင်တွေကို
ဖေဖေတစ်ယောက် သူ့အမေဆီကနေ
နားမထောင်ခဲ့ရဖူးဘူးလား၊ မေ့ပဲကုန်တာလား။

ခဏခဏပါပဲ၊ ဖေဖေရေချိုးချိန်နောက်ကျနေလို့
မေမေ့မှာ သွားသွားခေါ်ရတာ အခါတစ်ရာမက-
မေမေကဖြင့် ဖေဖေ့ဖို့ဟင်းတွေနွှေးပြီး စောင့်လိုက်ရတာ။
သူကတော့ စာအရေးမပျက်ဘူး၊ ထမင်းမေ့ဟင်းမေ့။
ဖေဖေက အမြဲတမ်းစာအုပ်လုပ်တမ်းချည်းကစားနေတာပဲ။
ဖေဖေ့အခန်းထဲ ကျွန်တော်ဝင်ကစားမယ်ကြံရုံရှိသေး
မေမေလာပြီး သားကိုခေါ်တော့တာပဲ။

" What a naughty child! "
If I make the slightest noise you say,
" Don't you see that father's at his work? "
What's the fun of
always writing and writing?

When I take up father's pen or pencil
and write upon his book just as he does;-
a, b, c, d, e, f, g, h, i, -
why do you get cross with me then, mother?
You never say a word when father writes.

When my father wastes
such heaps of paper,
mother,
you don't seem to mind at all.
But if I take only one sheet
to make a boat with, you say,
" Child, how troublesome you are! "
What do you think of
father's spoiling
sheets and sheets of paper
with black marks all over on both sides?

"တော်တော်ရှုပ်တဲ့ကလေးလေး"
ကျွန်တော်မို့ နည်းနည်းလေးအသံထွက်ရင်
မေမေတို့ကပြောပြီ။
"ဖေဖေအလုပ်လုပ်နေတာ မင်းမမြင်ဘူးလား"တဲ့။
အမြဲတမ်း တရေးတည်းရေးနေတာ
ဘာများပျော်စရာတွေ့လို့ပါလိမ့်။

ဖေဖေ့မင်တံ၊ ခဲတံကိုကိုင်ပြီး သူ့စာအုပ်ပေါ် သူရေးသလို
က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊
ဇ၊ ဈ ဆိုပြီး သားရေးတော့
သားကို မေမေဘာပြုလို့ စိတ်ဆိုးမာန်ဆိုးဖြစ်တာလဲ။
ဖေဖေရေးတော့ဖြင့် မေမေတစ်ခွန်းမပြောဘူး။

သားဖေဖေက
စာရွက်တွေအပုံလိုက်အထပ်လိုက်ဖြုန်းတီးပစ်တော့
မေမေ့မှာ ဘာမှမဖြစ်တဲ့အတိုင်း။
ဒါပေမယ့် သားမို့လှေလုပ်ရအောင်
စက္ကူလေးတစ်ရွက်လောက်ယူကြည့်ပါလား၊
မေမေကပြောတော့မယ်
"သားရယ်... မင်းအတော်ဒုက္ခပေးပါလား"
စာရွက်တွေ စာရွက်တွေ
နှစ်ဖက်လုံးအပြည့် အနက်ရာတွေနဲ့
ဖေဖေဖျက်ဆီးပစ်တာကျတော့
မေမေ ဘယ်လိုသဘောရနေသလဲ....ဟင်။ ။

(30)

THE WICKED POSTMAN

Why do you sit there on the floor
so quiet and silent, tell me, mother dear?
The rain is coming in
through the open window,
making you all wet, and you don't mind it.
Do you hear the gong striking four?
It is time for my brother
to come home from school.
What has happened to you
that you look so strange?
Haven't you got a letter from father to-day?
I saw the postman
bringing letters in his bag
for almost everybody in the town.
Only, father's letters
he keeps to read himself.
I am sure the postman is a wicked man.
But don't be unhappy about that,
mother dear.

(၃၀)

လူဆိုးကြီးစာပို့သမား

ကြမ်းပေါ်မှာထိုင်ပြီး စကားလည်းမပြော
ဘာပြုလို့ဒါလောက်တိတ်တိတ်ဆိတ်ဆိတ်
ဖြစ်နေရသလဲဆိုတာ သားကိုပြောပြပါလား
ချစ်မေမေ…။
ပွင့်နေတဲ့ပြတင်းပေါက်ကနေ
မိုးတွေပက်လို့ မေမေစိုရွှဲနေပြီ။
ဒါတောင် မေမေနေနိုင်တယ်။
ကြေးမောင်းလေးချက်ထိုးတာ မေမေကြားရဲ့လား။
ညီလေး ကျောင်းကနေအိမ်ပြန်လာချိန်ရောက်ပြီ။
မေမေ့ကြည့်ရတာ တစ်မျိုးကြီးပဲ
မေမေဘာဖြစ်နေတာလဲဟင်။
ဒီနေ့ ဖေဖေ့ဆီကစာမလာဘူးလား။
ကျွန်တော်စာပို့သမားကိုတွေ့လိုက်သားပဲ။
အိတ်ထဲမှာ စာတွေထည့်လို့
မြို့ထဲကလူတိုင်းလိုလိုကိုပေးနေတာပဲ။
ဖေဖေ့စာတွေကျခါမှ
သူဖတ်မလို့ယူထားတာဖြစ်ရမယ်။
စာပို့သမားဟာ လူဆိုးကြီးပဲ။
ဒါပေမယ့် ဒါကြောင့်တော့စိတ်မကောင်းမဖြစ်ပါနဲ့
သားချစ်တဲ့မေမေရယ်။

To-morrow is market day
in the next village.
You ask your maid to buy
some pens and papers.
I myself will write all father's letters;
you will not find a single mistake.
I shall write from **A** right up to **K**.
But, mother, why do you smile?
You don't believe that I can write
as nicely as father does!
But I shall rule my paper carefully,
and write all the letters beautifully big.
When I finish my writing
do you think I shall be so foolish as father
and drop it into the horrid postman's bag?
I shall bring it to you myself
without waiting,
and letter by letter help you
to read my writing.
I know the postman
does not like to give you
the really nice letters.

မနက်ဖြန်ဆို ဟိုဘက်ရွာကဈေးနေ့ပဲ၊
မေမေ့အိမ်ဖော်လေးကို
မင်တံနဲ့စာရွက်အနည်းအကျဉ်း အဝယ်ခိုင်းလိုက်ပါ။
ဖေဖေ့စာတွေအားလုံး သားကိုယ်တိုင်ရေးမယ်၊
မေမေ အမှားတစ်လုံးမတွေ့စေရဘူး။
သား 'ကကြီး' ကနေ 'ည'အထိ ရေးပြမယ်။
ဟော-မေမေကလည်း ဘာဖြစ်လို့ပြုံးတာလဲ။
ဖေဖေ့လောက်ကောင်းအောင် သားစာရေးတတ်တယ်ဆိုတာ
မေမေ မယုံဘူးပေါ့။
သားစာရွက်ကို သေသေချာချာမျဉ်းချမယ်။
ပြီးတော့စာလုံးအားလုံးကို ကြီးကြီးလှလှရေးရမယ်။
ရေးပြီးရင် သားကိုဖေဖေ့လိုမျိုး
လွယ်အိတ်ကြီးစာပို့သမားအိတ်ထဲ
အမိုက်ခံပြီးသွားထည့်မယ်ထင်သလား။
သားက မေမေ့ဆီ တစ်ချက်မဆိုင်းဘဲ
စာကို ကိုယ်တိုင်ယူလာပေးမယ်။
မေမေဖတ်တဲ့အခါ စာတစ်လုံးချင်းကူဖတ်ပေးဦးမယ်။
သားသိပါတယ်။
စာပို့သမားက တကယ်ကောင်းတဲ့စာတွေဆို
မေမေ့ကို ပေးချင်တာမဟုတ်ဘူး။ ။

(31)

THE HERO

Mother, let us imagine
we are travelling,
and passing through a strange
and dangerous country.
You are riding in a palanquin
and I am trotting by you on a red horse.
It is evening and the sun goes down.
The waste of Joradighi lies
wan and grey before us.
the land is desolate and barren.
You are frightened and thinking-
" I know not where we have come to. "
I say to you,
" Mother, do not be afraid. "

The meadow is prickly with spiky grass,
and through it runs a narrow broken path.
There are no cattle to be seen
in the wide field;
they have gone to their village stalls.
It grows dark and dim
on the land and sky,
and we cannot tell where we are going.

(၃၁)

သူရဲကောင်း

မေမေရေ… ကျွန်တော်တို့သားအမိ ထူးဆန်းပြီးဘေးမကင်းတဲ့
တိုင်းပြည်တစ်ပြည်ကိုဖြတ်ပြီး ခရီးသွားနေတယ်ဆိုကြပါစို့။
မေမေက ထမ်းစင်ပေါ်မှာ-
ကျွန်တော်က မေမေ့ဘေးကနေ မြင်းနီကြီးစီးလို့ပေါ့။
ညနေစောင်းပြီမို့ နေလည်းနိမ့်ဆင်းသွားတယ်။
'ဂျော်ရာဒီဂီ' ဖုန်းဆိုးမြေဟာ
ကျွန်တော်တို့ရှေ့မှာ မှိုင်းဖျော့နေတယ်။
မြေပြင်ကလည်း ခြောက်သယောင်းနေတယ်။
မေမေက ကြောက်စိတ်ဝင်ပြီးတွေးမိတယ်။
"တို့တွေဘယ်များရောက်နေပါလိမ့်"
ကျွန်တော် ပြောလိုက်တယ်။
"မေမေ မကြောက်နဲ့နော်"

မြက်ခင်းကလည်း
သမန်းမြက်တွေနဲ့ကြမ်းတမ်းစူးရှတယ်၊
မြက်တောကိုဖြတ်လျက် လမ်းပျက်ကလေးတစ်သွယ်ရှိတယ်။
ကွင်းကျယ်ထဲမှာလည်း
ကျွဲနွားဆိုလို့ တစ်ကောင်တစ်မြီးမှမတွေ့ရဘူး၊
ရွာကတင်းကုပ်တွေဆီ ပြန်ကုန်ကြပြီ။
မိုးနဲ့မြေမှာ မှောင်ရီမှေးမှိန်လာပေါ့၊
ကျွန်တော်တို့လည်း
ဘယ်ဆီရောက်လို့ရောက်မှန်းမသိတော့။

Suddenly you call me
and ask me in a whisper,
" What light is that near the bank? "

Just then there bursts out a fearful yell,
and figures come running towards us.
You sit crouched in your palanquin
and repeat the names of the gods in prayer.
The bearers, shaking in terror,
hide themselves in the thorny bush.
I shout to you,
" Don't be afraid, mother. I am here. "

With long sticks in their hands
and hair all wild about their heads,
they come nearer and nearer.
I shout,
" Have a care you villains!
One step more and you are dead men. "
They give another terrible yell
and rush forward.
You clutch my hand and say,
" Dear boy, for heaven's sake,
keep away from them. "
I say, " Mother, just you watch me. "

ရုတ်တရက်-မေမေကကျွန်တော့်ကိုခေါ်ပြီး
လေသံကလေးနဲ့ မေးတယ်။
“ဟို-ကမ်းပါးနားက လင်းနေတာ ဘာလဲသားရဲ့”

အဲဒီအချိန်မှာ ကြောက်စရာကောင်းတဲ့အော်သံကြီးပေါ်လာပြီး
လူလိုသဏ္ဍာန်တွေကျွန်တော်တို့ဆီတည့်တည့်ပြေးလာနေကြတယ်။
မေမေကထမ်းစင်ပေါ်ဝပ်ပြီးထိုင်ရင်း
နတ်တွေကိုတိုင်တည်ရွတ်ဖတ်နေတော့တယ်။
အထမ်းသမားတွေလည်း ကြောက်လန့်တုန်လှုပ်ပြီး
ဆူးချုံတောတွေထဲ ဝင်ပုန်းကြတယ်။
ကျွန်တော်က မေမေ့ဆီလှမ်းအော်လိုက်တယ်။
“မကြောက်နဲ့မေမေ- အနားမှာ သားရှိတယ်”

လက်ထဲမှာတုတ်ရှည်တွေနဲ့
ခေါင်းပေါ်မှာဆံပင်ဖားလျားနဲ့
သူတို့တွေ နီးသထက်နီးလာကြတယ်။
ကျွန်တော်က အော်ပြောတယ်။
“လူယုတ်မာတွေ၊ သတိသာထား
တစ်လှမ်းတိုးတာနဲ့ မင်းတို့အသေပဲဟေ့”
သူတို့ကတစ်ခါထပ်အော်ပြီး ရှေ့ကိုအတင်းတိုးလာကြတယ်။
မေမေက ကျွန်တော့်လက်ကိုဆုပ်ပြီး
“သားလေးရယ်... သူတို့နဲ့လွတ်အောင်ရှောင်ပါကွယ်”
ကျွန်တော်က “မေမေ အသာကြည့်နေစမ်းပါ”

Then I spur my horse for a wild gallop,
and my sword and buckler
clash against each other.
The fight beomes so fearful, mother,
that it would give you a cold shudder
could you see it from your palanquin.
Many of them fly,
and a great number are cut to pieces.
I know you are thinking,
sitting all by yourself,
that your boy must be dead by this time.

But I come to you
all stained with blood, and say,
" Mother, the fight is over now."
You come out and kiss me,
pressing to your heart,
and you say to yourself,
" I don't know what I should do
if I hadn't my boy to escort me. "
A thousand useless things happen
day after day,
and why couldn't such a thing
come true by chance?

ဒီနောက်တော့ ကျွန်တော်က
မြင်းကိုအသားကုန်နှင်လိုက်တယ်။
ကျွန်တော့်ဓားနဲ့လွှားလည်း အချင်းချင်းထိခိုက်ကုန်တယ်။
မေမေရယ်... တိုက်ပွဲက ကြောက်ခမန်းလိလိပဲ။
မေမေသာ ထမ်းစင်ပေါ်ကနေလှမ်းမြင်ရင်
ကျောစိမ့်ပြီးတုန်နေမှာပဲ။
ထွက်ပြေးလိုက်ကြတာ မနည်းဘူး၊
အများစုကတော့ အပိုင်းပိုင်းအတစ်တစ်ဖြစ်ကုန်တယ်။
မေမေတစ်ယောက်တည်းထိုင်ပြီး
"ငါ့သားလေးတော့ သေပါပြီ" လို့တွေးနေမှာ
ကျွန်တော်သိတယ်။

ဒါပေမယ့် ကျွန်တော်က မေမေ့ဆီ
သွေးအလိမ်းလိမ်းစွန်းပေပြီး ရောက်လာတယ်။
"တိုက်ပွဲပြီးပါပြီမေမေ" လို့ ပြောလိုက်တယ်။
မေမေကထွက်လာပြီး ကျွန်တော့်ကိုနမ်းတယ်၊
ရင်ခွင်ထဲအပ်ပြီးတော့လည်း
မေမေ့ဘာသာမေမေပြောသေးတယ်။
"ငါ့သားလေးသာ စောင့်ရှောက်ဖို့ မပါရင်
ငါဖြင့် ဘယ်လိုလုပ်ရမှန်းကိုသိမှာမဟုတ်ဘူး"
အသုံးမကျတဲ့ကိစ္စတွေသာဆို
ထောင်နဲ့ချီပြီး နေ့စဉ်နဲ့အမျှဖြစ်နေကြတယ်။
ဒီလိုအဖြစ်မျိုးကျတော့ အကြောင်းတိုက်ဆိုင်ပြီး
ဘာပြုလို့တကယ်ဖြစ်မလာရတာလဲ။

It would be like a story in a book.
My brother would say,
" Is it possible?
I always thought he was so delicate! "
Our village people
would all say in amazement,
" Was it not lucky that the boy
was with his mother? "

ခုကိစ္စဟာ
စာအုပ်ထဲကပုံပြင်တစ်ပုဒ်လိုဖြစ်နေတယ်။
ကျွန်တော့်အစ်ကိုကပြောဦးမယ်။
“ဒါဖြစ်နိုင်ပါ့မလား။
ငါကတော့သူ့ကို လူပျော့ကလေးလို့ပဲ မှတ်ထားတာ”
ကျွန်တော်တို့ရွာကလူတွေဆို
တအံ့တသြနဲ့ပြောမဆုံးကြဘူး။
“သူ့အမေနဲ့အတူ ဒီကလေးပါသွားတာ
ကံကောင်းလိုက်တာကွာ”။ ။

(32)

THE END

It is time for me to go, mother;
I am going.

When in the paling darkness
of the lonely dawn
you stretch out your arms
for your baby in the bed,
I shall say,
" Baby is not there! " _
mother, I am going.
I shall become a delicate draught of air
and cares you;
and I shall be ripples in the water
when you bath,
and kiss you and kiss you again .

In the gusty night
when the rain patters on the leaves
you will hear my whisper in your bed,
and my laughter will flash
with the lightning through the open window
into your room.

(၃၂)

အဆုံး

သားသွားဖို့ အချိန်တန်ပြီ။
မေမေ- ကျွန်တော်သွားတော့မယ်။

အထီးကျန်အရုဏ်ရဲ့ အမှောင်ဖျော့ဖျော့မှာ
လက်ဆန့်ပြီး ကလေးကို အိပ်ရာထဲ မေမေရှာတော့
သားက "ကလေးအဲဒီမှာမရှိတော့ဘူး" လို့
ပြောပြောဆိုဆိုပဲ
ကဲ-ကျွန်တော်သွားတော့မယ်။
ကျွန်တော် လေညင်းနုလေးဖြစ်သွားပြီး
မေမေ့ကို တိုးဝှေ့ကလူမယ်။
မေမေရေချိုးတဲ့အခါ
ကျွန်တော် လှိုင်းတွန့်ကလေးတွေဖြစ်သွားပြီး
မေမေ့ကို အထပ်ထပ်အခါခါ မွှေးပါ့မယ်။

လေတွေမိုးတွေထန်တဲ့ညမှာ
သစ်ရွက်တွေပေါ် မိုးတဖြောက်ဖြောက်ကျတဲ့အခါ
ကျွန်တော့်တီးတိုးသံကို
မေမေအိပ်ရာထဲက ကြားရလိမ့်မယ်။
ပြီးတော့-ကျွန်တော့်ရယ်သံက လျှပ်ရောင်နဲ့အတူ
ပွင့်နေတဲ့ပြတင်းကနေ မေမေ့အခန်းထဲ
လင်းခနဲဝင်လာလိမ့်မယ်။

If you lie awake,
thinking of your baby till late into the night,
I shall sing to you from the stars,
" Sleep, mother, sleep. "

On the straying moonbeams
I shall steal over your bed,
and lie upon your bosom while you sleep.

I shall become a dream,
and through the little opening
of your eyelids
I shall slip into the depths of your sleep;
and when you wake up
and look round startled,
like a twinkling firefly
I shall flit out into the darkness.

When on the great festival of **puja**,
the neighbours' children come
and play about the house,
I shall melt into the music of the flute
and throb in your heart all day.

Dear auntie will come with **puja**-presents
and will ask, " where is our baby, sister ? "
Mother, you will tell her softly,
" He is in the pupils of my eyes,
he is in my body and in my soul. "

ညဥ့်နက်တဲ့အထိ ကလေးအကြောင်းတတွေးတွေးနဲ့
မေမေအိပ်မပျော်နိုင်ဘဲ လှဲနေမယ်ဆိုရင်
ကျွန်တော် ကြယ်စင်တွေဆီကနေ တေးဆိုလိုက်ပါ့မယ်။
"အိပ်တော့မေမေရယ်... အိပ်ပါတော့ကွယ်"

ရောက်တတ်ရာရာသွားတဲ့ လရောင်ခြည်မှာ
ကျွန်တော်ပါလာပြီး
မေမေ့အိပ်ရာပေါ်တိတ်တိတ်ကလေးတက်လို့
မေမေအိပ်နေတုန်း မေမေ့ရင်ခွင်ထဲ ကျွန်တော်ဝင်လှဲနေမယ်။

သားကအိပ်မက်ဖြစ်သွားပြီး
ဟဟလေးပွင့်နေတဲ့ မေမေ့မျက်ခွံကြားကနေ
မေမေ့အအိပ်ထဲ ခပ်နက်နက်လျှောဝင်သွားမယ်။
မေမေနိုးလာပြီး အလန့်တကြားနဲ့ ဟိုဒီကြည့်တော့။
မှိတ်တုတ်လင်းတဲ့ ပိုးစုန်းကြူးလေးလို
အမှောင်ထဲကို လက်ခနဲ သားပျံပြေးမှာပေါ့။

ပူဇော်ကန်တော့ပွဲ ခြိမ့်ခြိမ့်သဲချိန်မှာ
အိမ်နီးချင်း ကလေးတွေ အိမ်နားမှာလာကစားကြမယ်။
ကျွန်တော်က ပလွေသံလေးနဲ့ရောပါလာပြီး
မေမေ့အသည်းနှလုံးထဲမှာ တစ်နေ့လုံးခုန်နေမယ်။
ချစ်တဲ့ဒေါ်ဒေါ်လေးက ကန်တော့စရာတွေနဲ့လာပြီး
"မမ--ကလေးကော" လို့ မေးလိမ့်မယ်။
မေမေကသူ့ကို နူးညံ့ညင်သာပြောပြမယ်။
"လူလေးလား--ငါ့မျက်လုံးအိမ်ထဲမှာ-
ငါ့ကိုယ်ထဲမှာ-
ငါ့အသက်ဝိညာဉ်ထဲမှာပေါ့ကွယ်"။ ။

(33)

THE RECALL

The night was dark
when she went away,
and they slept.
The night is dark now,
and I call for her,
" Come back, my darling;
the world is asleep;
and no one would know,
if you came for a moment
while stars are gazing at stars. "

She went away
when the trees were in bud
and the spring was young.
Now the flowers are in high bloom
and I call,
" Come back, my darling.
The children gather and scatter
flowers in reckless sport.
And if you come and take
one little blossom no one will miss it. "

(၃၃)

တစ်ကျော့ခေါ်သံ

သမီးလေးထွက်သွားတုန်းက ညကမှောင်နေတယ်၊
သူတကာတွေလည်း အိပ်မောကျနေတယ်။
ခုလည်း
ညမှောင်တုန်းမှာ မေမေသမီးကိုခေါ်မိတယ်။
"ပြန်လာခဲ့ပါချစ်သမီးရယ်...
တစ်လောကလုံး အိပ်မောကျနေတယ်
ကြယ်တွေက တစ်ပွင့်ကိုတစ်ပွင့်ငေးကြည့်နေကြတုန်း
သမီး ခဏလောက်လာမယ်ဆိုရင်
ဘယ်သူမှသိမှာမဟုတ်ပါဘူးကွယ်"

သမီးထွက်သွားတုန်းကလေ
သစ်ပင်တွေမှာ ပုရစ်နုညှာချိုလို့ နွေဦးပေါက်စရာသီပေါ့။
ခုတော့... ပန်းတွေဝေအောင်ပွင့်ပြီကွယ်။
မေမေလည်း သမီးကိုခေါ်တယ်။
"ပြန်လာခဲ့ပါချစ်သမီးရယ်...
ကလေးတွေက ပန်းတွေကိုကောက်ချည်ကြိုးချည်နဲ့
လက်လွတ်စပယ် ဆော့ကစားနေကြတယ်။
တကယ်လို့ သမီးလာပြီးတစ်ပွင့်တလေယူမယ်ဆို
ဘယ်သူ နမြောတွန့်တိုမှာလဲကွယ်"

Those that used to play
are playing still,
so spendthrift is life.
I listen to their chatter and call,
" Come back, my darling,
for mother's heart
is full to the brim of love,
and if you come to snatch
only one little kiss from her
no one will grudge it. "

ကစားနေကျသူတွေလည်း ကစားတုန်းပါကွယ်၊
ဘဝဆိုတာ ကုန်လွယ်လွန်းတယ်။
သူတို့လေးတွေ တွတ်ထိုးနေကြတာနားထောင်ရင်း
မေမေ ခေါ်မိပြန်တယ်။
"ပြန်လာခဲ့ပါချစ်သမီးရယ်...
မေမေ့နှလုံးသားမှာ မေတ္တာရေကမ်းလုံးပြည့်ပါကွယ်၊
သမီးလာပြီး မေမေ့ဆီကအနမ်းလေးတစ်ရှိုက်
လှစ်ခနဲမွေးယူမယ်ဆိုရင်
ဒါကိုမရှုဆိတ်သူရှိမယ် မေမေမထင်ဘူးကွယ်"။ ။

(34)

THE FIRST JASMINES

Ah, these jasmines,
these white jasmines!
I seem to remember the first day
when I fill my hands with these jasmines,
these white jasmines.
I have loved the sunlight,
the sky and the green earth;
I have heard the liquid murmur of the river
through the darkness of midnight;
Autumn sunsets have come to meet
at the bend of a road in the lonely waste,
like a bride raising her veil
to accept her lover.
Yet my memory is still sweet
with the first white jasmines
that I held in my hands when I was a child.

(၃၄)

စံပယ်ဦး

အော်... စံပယ်တွေ
ဒီ စံပယ်ဖြူဖြူလေးတွေ။
သတိရသေးတော့၊
အဲဒီစံပယ်တွေ၊ စံပယ်ဖြူဖြူလေးတွေလက်ထဲမှာအပြည့်နဲ့
မထမဆုံးနေ့ကိုလေ။
နေခြည်မျှင်- မိုးကောင်းကင်- စိမ်းလွင်မြေလွှာ-
ငါချစ်ခဲ့ဖူးပြီ။
ညသန်းခေါင်အမှောင်ကြားက
မြစ်ရေစီးသံ ငါ နာခံခဲ့ဖူးပြီ။
သတို့သမီးက
သူ့ချစ်သူကို ဇာမျက်နှာဖုံးလှပ်ပြီးလက်သင့်ခံသလို
ဆောင်းဦးနေဝင်ချိန်တွေ
အထီးကျန်ခယောင်းမြေရဲ့လမ်းအကွေ့မှာ
ငါ့ကိုလာတွေ့ခဲ့ဖူးပြီ။
ဒါပေမယ့် ငါ့မှတ်ဉာဏ်ဟာ
ကလေးဘဝတုန်းက လက်ထဲမှာယုယဖူးတဲ့
စံပယ်ဦးဖြူဖြူလေးတွေနဲ့ ချိုမွှေးနေတုန်းပဲ။

Many a glad day has come in my life,
and I have laughed
with merrymakers on festival nights.
On grey mornings of rain
I have crooned many an idle song.
I have worn round my neck
the evening wreath of **bukulas**
woven by the hand of love.
Yet my heart is sweet with the memory of
the first fresh jasmines
that filled my hands
when I was a child.

ငါ့ဘဝမှာ
ပျော်မွေ့စရာနေ့ရက်တွေ ကြုံခဲ့ဖူးပြီလေ။
ပွဲတော်ညတွေဆို
လူပျော်တွေဖော်တစ်သင်းနဲ့ ရယ်မောရင်းနွှဲခဲ့ဖူးပြီ။
မိုးရိပ်မှိုင်းမနက်ခင်းတွေမှာ
အလွမ်းသီချင်းတွေလည်း ညည်းခဲ့ဖူးပြီ။
အချစ်လက်နဲ့သီတဲ့ ညနေရီခရေကုံးကို
ငါ့လည်မှာ ဆင်ခဲ့ဖူးပြီ။
ဒါပေမယ့် ငါ့နှလုံးသားဟာ
ငယ်စဉ်ကလေးဘဝတုန်းက လက်ထဲအပြည့်ယုယဖူးတဲ့
လတ်လတ်ဆတ်ဆတ်စံပယ်ဦးတွေကို
မွှေးတမြမြသတိရနေတုန်းပဲ။ ။

(35)

THE BANYAN TREE

O you shaggy-headed banyan tree
standing on the bank of the pond,
have you forgotten the little child,
like the little birds
that have nested in your branches
and left you?

Do you not remember
how he sat at the window
and wondered at the tangle of your roots
that plunged underground?

The women would come to fill their jars
in the pond,
and your huge black shadow
would wriggle on the water
like sleep struggling to wake up.

Sunlight danced on the ripples
like restless tiny shuttles
weaving golden tapestry.

(၃၅)

ပညောင်ပင်

ကန်ပေါင်ပေါ်မှာမားမားရပ်နေတဲ့
ခေါင်းစုတ်ဖွားနဲ့ အို-ညောင်ပင်။
သင့်အကိုင်းတွေမှာအသိုက်ဖွဲ့နေခဲ့တဲ့ ငှက်ကလေးတွေလို
သင့်ကိုစွန့်ခွာသွားတဲ့ ကလေးတစ်ယောက်ကို
သင် မေ့ပြီလားဟင်။

ပြတင်းပေါက်မှာသူထိုင်လို့
သင့်အမြစ်တွေအထွေးထွေးယှက်လိမ်ပြီး
မြေအောက်နစ်ဆင်းသွားပုံကို တအံ့တသြဖြစ်နေတတ်တာ
သင် မမှတ်မိတော့ဘူးလား။

မိန်းမတွေ
ကန်ထဲမှာ ရေတကောင်းတွေရေလာဖြည့်တော့
သင့်အရိပ်မည်းကြီးက ရေပေါ်တွန့်လိမ်နေလိုက်တာ
နိုးချင်လို့ရုန်းထနေတဲ့အအိပ်လိုပဲ။

လှိုင်းတွန့်လေးတွေပေါ် ကခုန်နေတဲ့ နေရောင်ကတော့
ရွှေချည်ထိုးဖျင်ထည်ပေါ် မနားတမ်းပြေးလွှားရက်လုပ်နေတဲ့
လွန်းကလေးတွေလိုပါပဲလေ။

Two ducks swam by the weedy margin
above their shadows,
and the child would sit still and think.

He longed to be the wind
and blow through your rustling branches,
to be your shadow
and lengthen with the day on the water,
to be a bird
and perch on your topmost twig,
and to float like those ducks
among the weeds and shadows.

ဝမ်းဘဲနှစ်ကောင်က
သူတို့အပေါ်အရိပ်မိုးပေးတဲ့
ကန့်စပ်ကိုင်းတောဘေးမှာရေကူးနေကြတယ်။
ကလေးကတော့ မလှုပ်မယှက်ထိုင်ရင်း
စဉ်းစားခန်းဝင်တတ်တယ်လေ။

သူက လေဖြစ်ပြီး
တသဲသဲမြည်နေတဲ့ သင့်သစ်ကိုင်းတွေကြားကနေ
တိုက်ခတ်သွားချင်တယ်။
သင့်အရိပ်ဖြစ်ပြီး
ရေပေါ်မှာ နေနဲ့အတူလိုက်လို့ စန့်ထွက်ချင်တယ်။
ငှက်ကလေးဖြစ်ပြီး
သင့်ရဲ့ထိပ်ဆုံးအကိုင်းမှာ နားချင်တယ်။
ပြီးတော့
ကိုင်းတောနဲ့အရိပ်တွေကြားမှာ
ဟောဟိုကဝမ်းဘဲတွေလို မျှောနေချင်သတဲ့ကွယ်။ ။

(36)

BENEDICTION

Bless this little heart, this white soul
that has won the kiss of heaven
for our earth.

He loves the light of the sun,
he loves the sight of his mother's face.

He has not learned to despise the dust,
and to hanker after gold.

Clasp him to your heart
and bless him.

He has come into this land of
a hundred cross-roads.

I know not
how he chose you from the crowd,
came to your door,
and grasped your hand to ask his way.

(၃၆)

ကောင်းချီးမင်္ဂလာ

ဟောဒီနုလုံးသည်းပွတ်ကလေးကို
ကောင်းချီးပေးပါ။
ကောင်းကင်ဘုံရဲ့အနမ်းကိုခံယူပြီး
ငါတို့ ကမ္ဘာမြေကိုလာတဲ့
ဒီဝိညာဉ်ဖြူကလေးကို ကောင်းချီးပေးပါလေ။

သူဟာ နေရဲ့အလင်းရောင်ကို ချစ်တယ်။
သူ့အမေ့မျက်နှာတွေ့နေရတာကို ချစ်တယ်။

သူဟာ မြေမှုန့်ကိုပစ်ပယ်လို့
ရွှေကို မက်မောရကောင်းမှန်း မသိသေးဘူး။

သူ့ကိုရင်မှာ အပ်ပြီး
ကောင်းချီးပေးပါ။

သူဟာ လမ်းဆုံလမ်းခွတစ်ရာမကတဲ့
ဒီအရပ်ကို ရောက်လာခဲ့ပြီ။

လူအုပ်ကြီးထဲကနေ သင့်ကိုသူဘယ်လိုရွေးလိုက်မှန်း
ဘယ်ပုံဘယ်နည်းနဲ့ သင့်အိမ်တံခါးကိုရောက်လာမှန်း
သင့်လက်ကိုဆုပ်ပြီး သူသွားရမယ့်လမ်းကိုမေးမှန်း
ငါ မသိလိုက်ဘူး။

He will follow you,
laughing and talking,
and not a doubt in his heart.

Keep his trust,
lead him straight and bless him.

Lay your hand on his head,
and pray that though the waves underneath
grow threatening,
yet the breath from above may come
and fill his sails and waft him
to the haven of peace.

Forget him not in your hurry,
let him come to your heart and bless him.

သင်သွားရာ သူလိုက်မယ်
ရယ်ရယ်မောမောစကားတွေပြောမယ်
သူ့စိတ်ထဲ တစ်ချက်မှစနိုးစနောင့်မဖြစ်ဘူး။

သူယုံကြည်အားထားတာကို လက်ခံပါ။
သူ့ကို ဖြောင့်ဖြောင့်တန်းတန်းလမ်းညွှန်ပါ။
ပြီးတော့ သူ့ကိုကောင်းချီးပေးပါ။

သင့်လက်ကို သူ့ဦးခေါင်းပေါ်တင်ပါ။
ပြီးတော့ အောက်ခြေကလှိုင်းတံပိုးတွေ
ဘယ်လောက်ပဲကြမ်းတမ်းထကြွနေနေ
အထက်အရပ်က သက်ရှူငွေ့ရောက်လာပြီး
သူ့လှေရွက်တွေ လေအပြည့်နဲ့
ငြိမ်းချမ်းရေးဆိပ်ကမ်းသာအရောက်
သူ့ကို သယ်ဆောင်သွားနိုင်ဖို့
ဆုတောင်းပေးပါလေ။

သင့်အရေးတကြီးကိစ္စကြောင့်
အလျင်စလိုဖြစ်ပြီး
သူ့ကိုမမေ့မသွားပါနဲ့။
သင့်နှလုံးသားရှိရာ သူလာပါစေ။
ကောင်းချီးလည်းသူ့ကို ပေးပါလေ။ ။

(37)

THE GIFT

I want to give you something ,
my child,
for we are drifting
in the stream of the world.

Our lives will be carried apart,
and our love forgotten.

But I am not so foolish
as to hope that I could buy your heart
with my gifts.

Young is your life,
your path long,
and you drink the love we bring you
at one draught
and turn and run away from us.

(၃၇)

လက်ဆောင်

ငါတို့ဟာ
လောကရေအလျဉ်မှာ မျောပါနေကြရတာမို့
မင်းကို ငါတစ်ခုခုတော့ ပေးလိုက်ချင်တယ် ကလေးရယ်။

ငါတို့ဘဝတွေ
တကွဲတပြားဖြစ်ကြဦးမယ်၊
တို့မေတ္တာတွေလည်း
မေ့ပျောက်ကြလိမ့်မယ်။

ဒါပေမယ့် မင်းအသည်းနှလုံးကို
ငါ့လက်ဆောင်တွေနဲ့ ဝယ်ယူနိုင်မယ်လို့
အောက်မေ့ရလောက်အောင်
ငါ မိုက်လုံးမကြီးသေးပါဘူးကွယ်။

မင်းဘဝက နုနုနယ်နယ်၊
မင်းခရီးက အရှည်ကြီးကျန်သေးတယ်။
မင်းဆီ တို့ဆောင်ကြဉ်းခဲ့တဲ့
မေတ္တာရေစင်ကို တစ်ကျိုက်တည်းမော့လို့
တို့အနားကနေ တစ်ချိုးတည်းလှည့်ပြီး
မင်းပြေးတော့တယ်။

You have your play and your playmates.
What harm is there
if you have no time or thought for us!

We, indeed,
have leisure enough in old age
to count the days that are past,
to cherish in our hearts
what our hands have lost for ever.

The rivers run swift with a song,
breaking through all barriers.
But the mountain stays and remembers,
and follows her with his love.

မင်းမှာ အကစားလည်းရှိ
ကစားဖော်တွေလည်းရှိတယ်၊
တို့တွေကို သတိရဖို့ အချိန်မရှိလည်း
ဘာဖြစ်မှာလိုက်လို့ကွယ်။

တို့များမှာတော့- အိုမင်းတဲ့အရွယ်မှာ
ကုန်လွန်ခဲ့တဲ့ နေ့တွေအကြောင်းကို
ပိုင်းခြားရေတွက်ဖို့ အချိန်ရပြီကွယ်။
ကိုယ့်လက်ထဲကနေ
ထာဝရလက်လွတ်ဆုံးရှုံးသွားခဲ့တာတွေကိုလည်း
စိတ်နှလုံးထဲမှာ စောင့်ရှောက်မြတ်နိုးနိုင်ပြီကွယ်။

မြစ်က တေးဆိုပြီးသွင်သွင်စီးတယ်။
အဆီးအတားမှန်သမျှ
ချိုးဖျက်ကျော်လွှားတယ်။
တောင်တန်းကြီးကတော့ ရပ်တည်ရင်း
မြစ်ကို အမှတ်ရရင်း
မေတ္တာပို့သလိုက်ပါတယ်။ ။

(38)

MY SONG

This song of mine
will wind its music around you,
my child, like the fond arms of love.

This song of mine
will touch your forehead
like a kiss of blessing.

When you are alone
it will sit by your side
and whisper in your ear,
when you are in the crowd
it will fence you about with aloofness.

My song will be like a pair of wings
to your dreams,
it will transport your heart
to the verge of the unknown.

(၃၈)

ငှါတေးသံ

ကလေးရယ် . . .
ငှါရဲ့ဒီတေးသံက
အချစ်ရဲ့တွယ်တာတဲ့ လက်တွေလို
သူ့ဂီတနဲ့ မင်းကိုသိုင်းဖွဲ့ပေလိမ့်မယ်။

ငှါရဲ့ ဒီသီချင်းဟာ
မင်းနဖူးကို ကောင်းချီးမင်္ဂလာအနမ်းလို
ထိတွေ့ပေလိမ့်မယ်။

မင်းတစ်ယောက်တည်းရှိနေတဲ့အခါ
မင်းအနားမှာ သူထိုင်လို့
မင်းနားဝမှာ တီးတိုးဆိုလိမ့်မယ်။
လူစုလူဝေးတွေကြား မင်းရောက်နေတဲ့အခါ
မင်းကို လွတ်ကျွတ်အောင် သူ ကာကွယ်လိမ့်မယ်။

ငှါသီချင်းဟာ မင်းအိပ်မက်တွေအတွက်
အတောင်နှစ်ဖက်လို ဖြစ်စေ့မယ်။
သူတို့က မင်းနှလုံးသားကို
လူသူမသိတဲ့ လမ်းနွတ်ခမ်းသတ်ရောက်အောင်
ပို့ဆောင်ပေးလိမ့်မယ်။

It will be like the faithful star overhead
when dark night is over your road.

My song will sit
in the pupils of your eyes,
and will carry your sight
into the heart of things.

And when my voice is silent in death,
my song will speak in your living heart.

မင်းသွားမယ့်လမ်းပေါ်မှာ
ညအမှောင်ဖုံးတဲ့အခါ
မင်းခေါင်းထက်က သစ္စာရှိကြယ်စင်လို
စောင့်ရှောက်လိမ့်မယ်။

ငါ့သီချင်းဟာ
မင်းမျက်စိသူငယ်အိမ်ကနေ
မင်းအမြင်ကို
အရာခပ်သိမ်းရဲ့ အတွင်းသဘောရောက်အောင်
ဆောင်လိမ့်မယ်။

နောက်- ငါသေဆုံးလို့ ငါ့အသံတိတ်သွားတဲ့အခါ
ငါ့သီချင်းဟာ မင်းရဲ့ရှင်သန်တဲ့နှလုံးသားထဲမှာ
စကားဆိုနေပါလိမ့်မယ် . . ။ ။

(39)

THE CHILD-ANGEL

They clamour and fight,
they doubt and despair,
they know no end to their wranglings.

Let your life come amongst them
like a flame of light, my child,
unflickering and pure,
and delight them into silence.

They are cruel in their greed
and their envy,
their words are like hidden knives
thirsting for blood.

(၃၉)

ကလေးသူတော်စင်

သူတို့ အော်ကြီးဟစ်ကျယ်ဖြစ်ကြ
ရန်ဖြစ်ကြတယ်။
သူတို့ သံသယဖြစ်ကြ
စိတ်ပျက်ကြတယ်။
သူတို့ အချင်းများအငြင်းပွားနေကြတာ
ဘယ်တော့များမှ ဆုံးမယ်မသိ။

ကလေးရယ်
မင်းဘဝကို သူတို့တွေကြားရောက်အောင်
အလင်းတန်ဆောင်လို လာခဲ့ပါ။
တသမတ်တည်း ထွန်းလင်းစင်ကြယ်နေပါစေ။
သူတို့ကိုလည်း ဝမ်းမြောက်ငြိမ်သက်သွားပါစေ။

သူတို့ဟာ အငမ်းမရစိတ်
မနာလို စိတ်တွေကြောင့်
ကြမ်းကြုတ်နေကြတယ်။
သူတို့စကားတွေဟာ
သွေးဆာနေတဲ့ အိတ်ဆောင်ဓားတွေလိုပဲ။

Go and stand amidst their scowling hearts,
my child,
and let your gentle eyes
fall upon them like the
forgiving peace of the evening
over the strife of the day.

Let them see your face, my chhild,
and thus know the meaning of all things;
let them love you and thus love each other.

Come and take your seat
in the bosom of the limitless, my child.
At sunrise
open and raise your heart
like a blossoming flower,
and at sunset
bend your head
and in silence
complete the worship of the day.

ကလေးရယ်
မျက်မှောင်ကြုတ်ထားတဲ့ သူတို့နှလုံးသားတွေကြား
သွားပြီးရပ်တည်စမ်းပါ။
ပြီးတော့ နေ့တာရဲ့ခိုက်ရန်ဒေါသအပေါ်
ညနေခင်းရဲ့ ခွင့်လွှတ်တဲ့ ငြိမ်းချမ်းခြင်းလို
မင်းရဲ့သိမ်မွေ့တဲ့ မျက်လုံးတွေကို
သူတို့အပေါ် ကျရောက်ပါစေ။

ကလေးရယ်
မင်းမျက်နှာကို သူတို့တွေ့ရလို့
အရာခပ်သိမ်းရဲ့ သဘောအဓိပ္ပာယ်ကို
သူတို့သိကြပါစေ။
သူတို့မင်းကိုချစ်သလို
သူတို့အချင်းချင်းလည်း ချစ်ခင်ကြပါစေ။

ကလေးရယ် . . . လာပါ။
အကန့်အသတ်မရှိသူ့ရင်ခွင်မှာထိုင်ပါ။
နေအထွက်မှာ ပွင့်လန်းတဲ့ပန်းလို
မင်းနှလုံးသားကို ဖွင့်လှစ်မြှင့်တင်စမ်းပါ။
နောက် - နေဝင်ချိန်မှာ
မင်းဦးခေါင်းကိုညွှတ်လို့
ငြိမ်ငြိမ်သက်သက်
တစ်နေ့တာ ဝတ်ပြုကြည်ညိုမှုနဲ့
ပြီးပြည့်စုံပါစေ။ ။

(40)

THE LAST BARGAIN

" Come and hire me, " I cried,
while in the morning
I was walking on the stone-paved road.

Sword in hand,
the King came in his chariot.
He held my hand and said,
"' I will hire you with my power. "
But his power counted for naught,
and he went away in his chariot.

In the heat of the midday
the house stood with shut doors.
I wandered along the crooked lane.
An old man came out
with his bag of gold.

(၄၀)

နောက်ဆုံးအရောင်းအဝယ်

မနက်ဖက်
ကျောက်ခင်းလမ်းပေါ်လျှောက်ရင်း
"ခိုင်းစရာရှိရင်ခေါ်ကြပါဗျို့" လို့
ငါက အော်လိုက်တယ်။

လက်ထဲမှာဓားကိုင်လို့
ရှင်ဘုရင်က မြင်းရထားနဲ့ရောက်လာတယ်။
သူက ငါ့လက်ကိုကိုင်ပြီး
"မင်းကိုငါ့ဘုန်းတန်ခိုးနဲ့ခိုင်းမယ်" လို့ ဆိုတယ်။
ဒါပေမယ့် သူ့တန်ခိုးအာဏာက
အချည်းနှီး သုံးမရလို့
သူလည်း သူ့ရထားနဲ့ပြန်သွားတယ်။

နေ့လယ်နေပူရှိန်မှာ
အိမ်တွေဟာ တံခါးတွေပိတ်ထားကြတယ်။
ငါက လမ်းကောက်လမ်းကွေ့တွေမှာ
ရောက်ရာပေါက်ရာသွားနေတယ်။
အဖိုးကြီးတစ်ယောက် သူ့ရွှေအိတ်နဲ့
ထွက်လာတယ်။

He pondered and said,
" I will hire you with my money. "
He weighed his coins one by one,
but I turned away.

It was evening.
the garden hedge was all aflower.
The fair maid came out and said,
" I will hire you with a smile. "
Her smile paled and melted into tears,
and she went back alone into the dark.

The sun glistened on the sand,
and the sea waves broke waywardly.
A child sat playing with shells.
He raised his head
and seemed to know me, and said,
" I hire you with nothing. '"
From thenceforward
that bargain struck in child's play
made me a freeman.

သူက တွေးတွေးဆဆနဲ့ပြောတယ်။
"ငါ မင်းကို ငွေပေးနိုင်းမယ်ကွာ" တဲ့။
သူက ဒဂါးပြားတွေ တစ်ပြားစီဆကြည့်တယ်။
ဒါပေမယ့် ငါက လှည့်ထွက်လာခဲ့တယ်။

ညနေစောင်းပြီ။
ဥယျာဉ်စည်းရိုးမှာ ပန်းတွေဝေပြီ။
မိန်းမလှလေးတစ်ယောက် ထွက်လာပြီး ပြောတယ်။
"ရှင့်ကို ကျွန်မအပြုံးနဲ့ခိုင်းမယ်ရှင်" တဲ့။
သူ့အပြုံးက ဖျော့တော့လာပြီး
မျက်ရည်စတွေအဖြစ် အရည်ပျော်သွားရှာတယ်။
နောက်တော့ သူ့ခမျာလည်း
အမှောင်ထဲကို တစ်ယောက်တည်း ပြန်သွားတော့တယ်။

နေက သဲပြင်ပေါ်မှာ တလက်လက်
လှိုင်းတွေက ရုန်းရင်းဆန်ခတ်နဲ့။
ကလေးတစ်ယောက်က
ခရုခွံလေးတွေနဲ့ ထိုင်ကစားနေတယ်။
သူက ခေါင်းမော့ကြည့်ပြီး
ငါ့ကို သိတဲ့ပုံနဲ့ လှမ်းပြောတယ်။
"ခင်ဗျားကို ကျွန်တော် အလကားခိုင်းမယ်ဗျာ" တဲ့။
အဲဒီအချိန်ကစပြီး
ကလေးတစ်ယောက်ရဲ့အကစားနဲ့
တည့်တည့်တိုးခဲ့တဲ့ အရောင်းအဝယ်ဟာ
ငါ့ကို လွတ်လပ်တဲ့လူတစ်ယောက်
ဖြစ်စေခဲ့တော့တယ်။ ။

ရာဘင်ဒြာနသ်တာဂိုး
(၁၈၆၁–၁၉၄၁)

အိန္ဒိယလူမျိုး ကဗျာဆရာ၊ တွေးခေါ်ရှင်၊
၁၉၁၃ ခုနှစ် စာပေနိုဘယ်ဆုရှင်၊

အိန္ဒိယယဉ်ကျေးမှုနှင့် အနောက်တိုင်း
ယဉ်ကျေးမှုနှစ်ခုအကြား
အပြန်အလှန် နက်နက်နဲနဲ
နားလည်သဘောပေါက်အောင်
ကြိုးပမ်းပေးခဲ့၊

သူ့အမည်မှာ ဘင်္ဂါလီအခေါ်အရ 'ရာဗင်ဒြာနာထ ထာကုရ'ဟုတွင်၊
ငယ်စဉ်ကလေးဘဝကပင် ကဗျာစပ်၊ အသက် ၁၇ နှစ်သားအရွယ်တွင်
သူ၏ပထမဦးဆုံးစာအုပ်ကို ထုတ်ဝေခဲ့၊

ဥပဒေပညာသင်ယူရန် အင်္ဂလန်နိုင်ငံသို့ ခေတ္တသွားရောက်နေထိုင်ခဲ့(၁၈၇၈)၊
အမိမြေသို့ပြန်ရောက်သောအခါ ကိုလိုနီခေတ်အတွင်း ထင်ရှားကျော်ကြားသည့်
စာရေးဆရာဖြစ်လာ၊ ကဗျာ ဝတ္ထုတို ဝတ္ထုရှည် ပြဇာတ်များ ရေးသားခဲ့၊
၁၉၂၉ ခုနှစ်တွင် ပန်းချီစတင်ရေးဆွဲ၊

ရာသက်ပန် နိုင်ငံတကာပူးပေါင်းရေးဝါဒီအဖြစ်နှင့် ပညာရေးသမားအဖြစ်
ရပ်တည်ခဲ့၊ ဘင်္ဂလားနယ် စန်တီနိကေတန်ရှိ သူ့ကိုယ်ပိုင်မြေပေါ်တွင်
ကျောင်းတစ်ကျောင်း (၁၉၀၁) တည်ထောင်ခဲ့၊ နောင်တွင် ဗစ္စဗ-ဘာရတီ
နိုင်ငံတကာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့

သူ့အရေးအသားများသည် အားကောင်းသောနိမိတ်ပုံအဖွဲ့အနွဲ့၊
လေးနက်သော ဘာသာရေးဆည်းကပ်မှု၊ သဘာဝတရားနှင့်အမိမြေအပေါ်
ချစ်ခင်မြတ်နိုးမှုတို့ဖြင့် မွမ်းထုံလျက်ရှိ ။

ရာဘင်ဒြာနသ်တာဂိုး နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်